# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၄၁)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ၁၀-၁၁-၂၀၂၄၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆင်သေချောင်းပေါ်ရှိ ဥယျာဉ်တံတားအဝင် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် နဝင်းချောင်းရေလမ်းကြောင်းဖြောင့်ခြင်းနှင့် ကမ်းထိန်းနံရံတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ အတွင်း ဆင်သေချောင်းပေါ်ရှိ ဥယျာဉ်တံတားအဝင် ရေလမ်းကောင်းမွန်ရေး အရေးပေါ်ယာယီကာကွယ်ရေး လုပ်ငန်းများဖြစ်သော သောင်တူးလုပ်ငန်းနှင့် မျှောရေကာ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေးလမ်းမကြီး၊ မိုင်တိုင် အမှတ် ၂၄၅/၇ နေရာရှိ နဝင်းချောင်း ရေကြီးရေလျှံမှု လျော့ချရေး ရေလမ်းကြောင်းဖြောင့်ခြင်း လုပ်ငန်း၊ သဲနုန်းတူးဖော်ခြင်း လုပ်ငန်းနှင့် ကမ်းထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများ၊ ဇေယျာသီရိမြို့နယ် ခေတ်အေး ကျေးရွာအုပ်စု အင်းသာကျေးရွာ ဆင်သေချောင်း ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းအတွက် နှစ်အလိုက် မြေထိန်းနံရံ တည်ဆောက်ထားမှု၊ ကွန်ကရစ်ဆူးတောင်များ ချထားဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရေးဆွဲထားသော လုပ်ငန်းအချိန်ဇယား (Work Plan) အတိုင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရိုးရာယဉ်ကျေးမှု အမွေကို လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသည့် ဆံရစ်ဝိုင်းကလေးငယ်များ

ပွင့်ဖြူ နိုဝင်ဘာ ၉

မြန်မာနိုင်ငံတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များစွာရှိပေရာ မြန်မာ့ရိုးရာ အတာသင်္ကြန်၊ မြန်မာ့ရိုးရာ သနပ်ခါး၊ ရိုးရာယဉ်ကျေးမှုဖြင့် ဝတ်စားဆင်ယင်ထုံးဖွဲ့ခြင်း၊ ရိုးရာဂီတ၊ မြန်မာ့ရိုးရာအားကစားများနှင့် ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးအမွေအနှစ်များ၊ မြန်မာ့ရိုးရာလက်မှုအနုပညာများ၊ ဆံကေသာ ဆံရစ်ဝိုင်းအလှကို ထိန်းသိမ်းထားရှိခြင်း စသော ရိုးရာယဉ်ကျေးမှု အမွေအနှစ် များစွာရှိပေသည်။



ရိုးရာအမွေအနှစ်ဟူသည် စံထိုက်မှ စံ၊ အမွေဆက်ခံထိုက်မှ ဆက်ခံကြရသည်။ အမွေဆက်ခံသူက ကိုယ်ရယူရမယ့် အမွေကို မြတ်မြတ်နိုးနိုးနဲ့ ခုံမင်နှစ်သက်စွာ ရယူပြီး တန်ဖိုးထားပါမှ ရိုးရာအမွေအနှစ်ဟာ ကိုယ့်ဆီမှာ နှစ်ပရိစ္ဆေဒကြာမြင့်စွာ တည်တံ့နေပေမည်။

ထိုကဲ့သို့ပင် ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ ဆံရစ်ဝိုင်းပုံ ဆံပင်များကို ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထားရှိကြသော ကလေးငယ်များသည် ရှေးနှစ်ပေါင်း ၂၀၀ ကျော်မှ ယနေ့တိုင် အထင်အရှားတည်ရှိကာ မြတ်မြတ်နိုးနိုးဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းလျက်ရှိကြသည်။

ထိုရိုးရာယဉ်ကျေးမှု အမွေများကို လက်ဆင့်ကမ်းထိန်းသိမ်းထားကြသော ကျေးလက်တောရွာမှ မောင်၊ မယ်လေးများ၏ ဆံရစ်ဝိုင်းပုံ ဆံပင်ပုံစံများ၏ ယဉ်ကျေးသိမ်မွေ့၍ ကျက်သရေရှိခြင်းက Online မီဒီယာလောကမှ ကမ္ဘာသို့ပျံ့နှံ့ ဝင်ရောက်ကာ မြန်မာပြည်သို့ လာရောက် လေ့လာကြည့်ရှုရတဲ့အထိ စွဲမက်ဖွယ်ကောင်းလှပေသည်။ ထိုကဲ့သို့ ရှေးခေတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးပြသနေသော ဆံပင်ပုံစံနှင့် လျော်ညီသည့် ဆံရစ်ဝိုင်းအလှကို ပိုင်ဆိုင်ထားသူများမှာ ရှားရှားပါးပါး မြန်မာနိုင်ငံတွင် ကျေးရွာသုံးရွာသာရှိပြီး မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ် ခံစပ်ကုန်းရွာ၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စက်စက်ယိုကျေးရွာနှင့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ ရိုးရာအမွေကို လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသည့် ကလေးငယ်များပင် ဖြစ်ကြသည်။

(ဓဲပုံ)

(၅၀၄)

ဝ-ဝ-ဝ-ဝ

## မန္တလေးမြို့ မဟာမုနိဘုရားကြီးအား (၃၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်မည်

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးမြို့၊ မဟာမုနိဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၃၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော်ရက်လုပ်လှူဒါန်းပူဇော်ပွဲကို ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်(နိုဝင်ဘာ ၁၄ ရက်) နံနက် ၈ နာရီတွင် ရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်တော်၌ ''ဖွင့်ပွဲ''အခမ်းအနားကျင်းပပြီး မသိုးမြတ်သင်္ကန်းတော် စတင်ရက်လုပ်ကာ တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ ၁၅ ရက်)မျက်နှာတော်သစ်ရေကပ်လှူပြီးချိန် နံနက် ၆ နာရီတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်း၍''ကပ်လှူပွဲ'' အခမ်းအနားဖြင့် ဆင်ယင်ကျင်းပဆက်ကပ်လှူဒါန်း ပူဇော်သွားမည်ဖြစ်ပါသည်။

ရဟန်းရှင်လူ များပြည်သူ၏ အများပေါင်းစု ကောင်းမှုအလှူတော်ဖြစ်သည့် ဤ''မသိုးမြတ်သင်္ကန်းတော်''ရက်လုပ်လှူဒါန်းပွဲတွင် ကုသိုလ်ပါဝင်ကြမည့်အလှူရှင်များအနေဖြင့် တန်ဆောင်မုန်းလဆန်း ၁၄ ရက်(နိုဝင်ဘာ ၁၄ ရက်)အထိ လှူဒါန်းနိုင်ပါကြောင်း သိရသည်။

(ကဆ)

၀-၀-၀-၀-၀



## အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အကအလှများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ဆင်နွှဲဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ကျောင်းသူများက ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။

အမျိုးသားအားကစားပွဲတော်ကျင်းပရန် အချိန်အားဖြင့် တစ်လခန့်သာကျန်ရှိတော့ကြောင်း၊ ကျောင်းသူများ၏ အကအလှများသည် အားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မြန်မာလူမျိုးတို့၏ ချစ်စရာလေ့ကို ဖော်ကျူးသည့် ''လှပချစ်စရာတို့ ရွှေမြန်မာ''တေးသီချင်း၏ အကအလှသည် Free fall ဆင်းသက်၍ Countdown ရေတွက်ပြီးသည့်အခါ ကပြရမည့် ဖွင့်ပွဲအကဖြစ်ကြောင်း၊ ပိတ်ပွဲအခမ်းအနားတွင် ''ရွှေပြည်တော်သို့တို့အတူ'' တေးသီချင်းဖြင့် အဓိပ္ပာယ်ရှိသည့် ''ရွှေပြည်တော်ကို သွားကြမည်''ဆိုသည့် သီချင်းဖြင့် ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ မင်္ဂလာရှိသည့် အဖွင့်သီချင်းနှင့် အင်အားဖြစ်စေမည့် အပိတ်သီချင်းတို့ဖြင့် အနှစ်သာရရှိရှိဖြင့် စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း။

ယခုပွဲတော်ကြီးသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသကဲ့သို့ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် ကျောင်းသူများ၏ ကြိုးစားမှုသည် အနှစ်သာရရှိပြီး အလွန်အရေးကြီးကြောင်း၊ တေးသီချင်းသရုပ်ဖော်တင်ဆက်မှုသည် လူငယ်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် တွေးခေါ်နိုင်မှုတို့ကို ဖော်ကျူးသည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်ပြင်ဆင်မှုများတွင် အခက်အခဲများရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်စေလိုကြောင်း၊ ကျောင်းသူများအနေဖြင့် ပွဲတော်ကြီးတွင် စိတ်အားထက်သန်စွာဖြင့် အကောင်းဆုံးဖျော်ဖြေတင်ဆက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျောင်းသူများ၏ ပညာရေးနှင့် ကျန်းမာရေးကို မထိခိုက်စေရန်အတွက်လည်း အထူးဂရုပြုစေလိုကြောင်းနှင့် ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပျော်ပျော်ရွှင်ရွှင်၊ စည်းကမ်းရှိရှိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုဝင်ဘာ ၈ရက် နံနက်ပိုင်းတွင် ''လှပချစ်စရာ တို့ရွှေမြန်မာ'' တေးသီချင်းနှင့်အတူ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ ၃၂၀ ဦး၏ အကအလှများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးရာတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မှာကြားရာတွင် ကျောင်းသူများ အနေဖြင့် နိုင်ငံတော်၏ ကြီးကျယ်ခမ်းနားသည့် အခမ်းအနားတစ်ခုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီအားဖြည့်ခွင့်ရသည့်အတွက် ဂုဏ်ယူတတ်စေလိုကြောင်း၊ စိတ်ချမ်းသာစွာဖြင့် အကအလှများကို လေ့ကျင့်ဆောင်ရွက်ကြစေလိုကြောင်းနှင့် မိမိတို့ဘက်ကလည်း အပြည့်အဝပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အားကစားနည်းများနှင့် မသန်စွမ်းအားကစားနည်းများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကိုလည်း နိုင်ငံတော်အဆင့်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အများပြည်သူ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးနိုင်ရေးတို့အတွက် အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးကိစ္စများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့ရသည့် ဆောင်းသီးနှံများ အချိန်မီ ပြန်လည်စိုက်ပျိုးသွားမည်

**မန္တလေး နိုင်ဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့ရသည့် ဆောင်းသီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် မန္တလေးတိုင်းဒေသကြီးတွင် ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည်။

''အခုတော့ တဖြည်းဖြည်းနဲ့ ရေမြုပ်ထားတဲ့ ဧကတွေတော့ ပြန်ပေါ်လာပြီ။ ဆောင်းသီးနှံတွေကိုပြန်ပြီး စိုက်ပျိုးသွားမယ်။ အဓိက ကုလားပဲပေါ့။ အခုလို အပ်တဲ့မျိုးစေ့တွေကိုလည်း တောင်သူတွေကို အခမဲ့ဖြန့်ဝေပေးထားတယ်''ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံဖြစ်သည့် ပဲမျိုးစုံကို အဓိကစိုက်ပျိုးပြီး ဆောင်းသီးနှံဖြစ်သည့် ကုလားပဲဧက သုံးသောင်းခွဲကို ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ မြစ်သားနှင့် ဝမ်းတွင်းမြို့တို့တွင် အဓိကစိုက်ပျိုးသွားမည်ဖြစ်သည်။

နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုကြောင့် စပါးများနှင့် အခြားသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)





## ပဥ္စမအကြိမ်သက်ကြီးကန်တော့ပွဲနှင့် အသင်းသားစုံညီ အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၉**

ရုပ်ရှင်ဝန်ထမ်းဟောင်းများ လူမှုကူညီရေးအသင်း(မန္တလေး)၏ ပဥ္စမအကြိမ် သက်ကြီးကန်တော့ပွဲနှင့် အသင်းသားစုံညီ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ၈၃ လမ်း၊ မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးရုံးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရုပ်ရှင်ဝန်ထမ်းဟောင်းများအသင်း (မန္တလေး)၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြဋ္ဌာန်းနိုင်ရန် ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခဲ့ပြီး ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ တည်ပြုကြောင်း ကြေညာခဲ့ပြီး အသက် (၈၀)နှင့်အထက် ရုပ်ရှင်ဝန်ထမ်းဟောင်း(၁၄) ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြသည်။

''ပထမအကြိမ်မှာ သက်ကြီးပူဇော်တုန်းက ငါးဦး၊ ဒုတိယအကြိမ်မှာ ရှစ်ဦး၊ တတိယအကြိမ်မှာ ကိုးဦး၊ စတုတ္ထအကြိမ်မှာ ၁၁ ဦး၊ ပဥ္စမအကြိမ်မှာ ၁၄ ဦးတို့ကို နှစ်စဉ်ပေါ့၊ အသင်းရဲ့ တတ်နိုင်တဲ့အင်အားနဲ့ ကျင်းပတာဖြစ်ပါတယ်။ နောက်နှစ်တွေလဲဆက်ပြီးတော့ ကျင်းပသွားမှာပါ''ဟု ရုပ်ရှင်ဝန်ထမ်းဟောင်းများ လူမှုကူညီရေးအသင်း (မန္တလေး)ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါ ကန်တော့ခံပုဂ္ဂိုလ်များအား ရုပ်ရှင်ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများက ကန်တော့ခဲ့ကြပြီး ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား တစ်ဦးက မုဒိတာစကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

## ကျောက်ဆည်မြို့နယ်တွင် နေ့စဉ်ဝင်ငွေရရှိရေး တိုင်ထောင်ပဲတောင့်ရှည်သီးနှံ စိုက်ပျိုး

**ကျောက်ဆည် နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင်၊ ဆန်စပါး၊ နှမ်း၊ ဝါ၊ ငရုတ်နှင့် ပဲအမျိုးမျိုး စိုက်ပျိုးလျက်ရှိရာ တောင်သူအချို့သည် နေ့စဉ်ဝင်ငွေရနိုင်သည့် ဈေးကွက်သေချာသော တိုင်ထောင်ပဲတောင့်ရှည်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။

ပဲတောင့်ရှည်သီးနှံသည် ကာလတို မီးဖိုချောင်သုံးသီးနှံတစ်မျိုးဖြစ်ပြီး နုန်းမြေနှင့် ကိုင်းကျွန်းမြေများတွင် ကောင်းစွာဖြစ်ထွန်းကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း၇၀တွင် စတင်ခူးဆွတ်ရကြောင်း၊ ပဲတောင့်ရှည်အပင် ၃၀၀ စိုက်ပျိုးပါက စတင်ခူးဆွတ်ချိန်တွင် ၅ ပိဿာခန့်ခူးဆွတ်ရပြီး အသီးလှိုင်လှိုင်ပေါ်ချိန်တွင် တစ်ခါခူးဆွတ်ပါက ၃၅ ပိဿာမှ ၄၀ ပိဿာအထိခူးဆွတ်ရကြောင်းနှင့်ရောင်းချချိန်တွင်ဈေးကောင်းရရှိကြောင်း ပဲတောင့်ရှည်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း တောင်လွှဲကျေးရွာမှ ပဲတောင့်ရှည်စိုက်တောင်သူ ဦးကျော်အောင်က ပြောပြသည်။

ပဲတောင့်ရှည်သီးနှံစိုက်ပျိုးမည်ဆိုပါ ရေသွင်းရေထုတ် လွယ်ကူစေရန်အတွက် မြေပေါင်များပြုလုပ်ပြီး လေဝင်လေထွက်နှင့် နေရောင်ခြည်ကောင်းစွာရရှိစေရန်အတွက် တစ်ပင်နှင့် တစ်ပင်၊ တစ်ပေခွဲအကွာ၊ တစ်တန်းနှင့်တစ်တန်း၊ နှစ်ပေခန့်အကွာခန့် စိုက်ပျိုးမှသာ အပင်ဖြစ်ထွန်းပြီး အသီးအထွက်နှုန်း ပိုမိုကောင်းမွန်ကြောင်းနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည့်အတွက် စိုက်ပျိုးသင့်သောသီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)

သက်မောင်(ကျောက်ဆည်)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားသမားများနှင့် ဖျော်ဖြေတင်ဆက်ကြမည့် မြန်မာ့ခြင်းလုံးအလှခတ်အဖွဲ့၏ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေး



ရန်ကုန် နိုဝင်ဘာ ၉

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မသန်စွမ်း အားကစားသမားများနှင့် အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် မြန်မာ့ခြင်းလုံးအလှခတ်အဖွဲ့များ ဇာတ်တိုက်လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

**အားပေးစကားပြောကြား**

ဦးစွာပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ် အားကစားခန်းမ၌ အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲတွင် ဖျော်ဖြေတင်ဆက်ကြမည့် မသန်စွမ်းအားကစား သမားများနှင့် နည်းပြများအား နွေးထွေးလှိုက်လှဲစွာဖြင့် တစ်ဦးချင်းစီ နှုတ်ဆက်အားပေးစကား ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုမှ မသန်စွမ်း အားကစားသမား ၁၄၂ ဦးနှင့် တွေ့ဆုံပြီး ဝင်ရောက်ယှဉ်ပြိုင်ကြမည့်အားကစားသမား မောင်မယ်များအနေဖြင့် မသန်သော်လည်း စွမ်းကြောင်းဖြင့် စိတ်ဓာတ်နှင့် စွမ်းဆောင်မှုအား ထုတ်ဖော်ပြခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ ဘဝကို အရှုံးမပေးဘဲ မသန်သော်လည်း စွမ်းဆောင် နိုင်ကြောင်းကို အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံနှင့် တစ်ကမ္ဘာလုံးက စိတ်ဝင်တစား ကြည့်ရှုနေကြမည့် ပရိသတ်များအား ပြသနိုင်တော့မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းအားကစား သမားများအနေဖြင့် ပြိုင်ပွဲတွင် ကြိုးပမ်းအားထုတ်မှုတို့ကို ပြည်သူများက ဂုဏ်ယူစွာဖြင့် ကြည့်ရှုအားပေးနေမည်ဖြစ်၍ ကြိုးစားယှဉ်ပြိုင်မှုမှ မိမိတို့၏ စွမ်းရည်ကို အကောင်းဆုံး ပြသနိုင်ပါစေကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် မြန်မာနိုင်ငံ သဘင် အစည်းအရုံးမှ အနုပညာရှင်များနှင့် မသန်စွမ်းအားကစားသမားများစုပေါင်း၍ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ရှိနေမယ်" တေးသီချင်းဖြင့် အကတိုက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမသို့ရောက်ရှိရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးအောင်နှင့် အတွင်းရေးမှူးတို့က အဖွဲ့ချုပ်၏ သမိုင်းအကျဉ်း၊ မသန်စွမ်းမှု အမျိုးအစားများ၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်၊ အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းအားကစား သမားများ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မသန်စွမ်းအားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှု၊ အစားအသောက်ကျွေးမွေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲနှင့် ပိတ်ပွဲတို့တွင် မသန်စွမ်းအားကစား သမားများ ပါဝင်ဖျော်ဖြေမည့် အစီအစဉ်တွင် စခန်းသွင်းလေ့ကျင့်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုမှ မသန်စွမ်း အားကစားသမားများကိုထောက်ပံ့ငွေကျပ်သိန်း ၂၀ ပေးအပ်ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ်မှ တာဝန်ရှိသူများက လက်ခံရယူသည်။

**စကားသံ လွှင့်ပျံ့**

ထို့နောက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်စားရိပ်သာသို့ ရောက်ရှိပြီး အာဟာရသုံးဆောင်နေသော အားကစားသမားများ အား ရင်းနှီးဖော်ရွေစွာ တွေ့ဆုံ အားပေးစကား ပြောကြားရာ အားကစားသမားတို့၏ မျက်ဝန်းတွင် ပြိုင်ပွဲအတွက် ခွန်အားပြည့်ဝသော စိတ်ဓာတ်၊ ဝမ်းသာကြည်နူးမှုနှင့် ပျော်ရွှင်သော စကားသံတို့သည် စားရိပ်သာအတွင်း လွှင့်ပျံ့ခဲ့သည်။

မြန်မာနိုင်ငံမသန်စွမ်းအားကစား အဖွဲ့ချုပ်မှ အားကစားအဖွဲ့သည် ပဉ္စမအကြိမ်အမျိုးသားအားကစား ပြိုင်ပွဲတွင်အားကစားနည်းလေးမျိုး ကို ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အဆိုပါ အားကစားနည်း လေးမျိုးတွင် ပြေးခုန်ပစ်၊ ဘော်လီဘော၊ စစ်တုရင်ပြိုင်ပွဲကို လယ်ဝေးမြို့ အားကစားကွင်းနှင့် ရေကူး အားကစားပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတို့တွင် ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၈ ရက်တို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ပြည်သူများ မသန်စွမ်းအားကစားသမားများ၏ စွမ်းဆောင်ရည်ကို လာရောက်ကြည့်ရှု အားပေးနိုင်သည့်အပြင် မသန်စွမ်းအားကစား သမားများ လေ့ကျင့်နေစဉ်အတွင်း၌ လာရောက်လှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ ရောက်ရှိရာ အမျိုးသားအားကစားပွဲတော်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းတင်ဆက်သည့် "ထိုးကွင်းလေးနှင့် ခြင်းခတ်သူ" ရုပ်ရှင် တေးသီချင်းဖြင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမား အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင် ခြောက်ဦးတို့၏ ဝိုင်းခြင်း၊ အလှခတ်၊ ကြိမ်ကွင်းနှင့် ပုလင်းပဒေသာ စသည့် သရုပ်ပြ အလှပြကွက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ အမျိုးသား အားကစားပွဲတော်တွင် နောက်ခံတီးခတ်မည့် မြန်မာ့ဆိုင်း အဖွဲ့၏ တီးမှုတ်မှုတို့ကိုလည်း ကောင်း ကြည့်ရှုအားပေးသည်။

**တိုက်ရိုက်ထုတ်လွှင့်ပြသမည်**

ထိုသို့ ကြည့်ရှုအားပေးပြီး နောက် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်ကြီးတွင် တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ အားကစား သမားများနှင့် ဝန်ကြီးဌာနများမှ အားကစားသမား ၈၀၀၀ အပါ အဝင် ရုပ်ရှင်၊ သဘင်၊ ဂီတအဖွဲ့ အစည်းများမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများ အမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပိုမိုခိုင်မာ စေမည့် အမျိုးသားအားကစား ပွဲတော်ကြီး ဖြစ်ပါကြောင်း၊ အမျိုးသားအားကစားပွဲတော်အား တစ်နိုင်ငံလုံးနှင့် တစ်ကမ္ဘာလုံးသို့ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်၍ မြန်မာနိုင်ငံ၏ စည်းလုံးမှု၊ ညီညွတ်မှု၊ နိုင်ငံကိုချစ်မြတ်နိုးမှုနှင့် အားကစားကို တန်ဖိုးထားမှုတို့ ကိုပြသနိုင်တော့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် 2024 ASEAN MEDIA PARTNERS COOPERATION WEEK ဖွင့်ပွဲအခမ်းအနား တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်မြို့၌ ကျင်းပသော 2024 ASEAN MEDIA PARTNERS COOPERATION WEEK ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ China Media Group (CMG)မှ ဒုတိယအယ်ဒီတာချုပ်နှင့် CGTN အယ်ဒီတာချုပ် H.E Fan Yun၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီ အမြဲတမ်းအဖွဲ့ဝင် ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး H.E Chen Yijun နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် H.E Kem Gunawadh နှင့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက သတင်းဌာနများမှ ဖိတ်ကြားထားသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ နန်နင်းမြို့ ကောင်စစ်ဝန်ရုံးမှ သံမှူးဒေါ်ခိုင်ငြိမ်းစုတို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား မစတင်မီ China Media Group မှ တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် သီးသန့်တွေ့ဆုံ၍ တရုတ်နိုင်ငံနှင့် မိမိတို့နိုင်ငံများအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးရဲတင့်က မိန့်ခွန်းပြောကြားရာ၌ ယနေ့ မီဒီယာကဏ္ဍသည် နိုင်ငံအသီးသီး၏ နယ်ပယ်စုံတွင် အရေးပါလျက်ရှိကြောင်း၊ မီဒီယာကြောင့် နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုနှင့် ကောင်းကျိုးများကို တည်ဆောက်နိုင်သကဲ့သို့ သတင်းတု၊ သတင်းမှားများနှင့် ကျင့်ဝတ်ချိုးဖောက်သော မီဒီယာများကြောင့် အချို့နိုင်ငံများမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသည်ကို အားလုံး အသိပင် ဖြစ်ကြောင်း။

**မီဒီယာနယ်ပယ်ကြီးတစ်ခု ဖြစ်လာမည်**

မီဒီယာကွာဟချက်များကို လျှော့ချနိုင်ရေးနှင့် နည်းပညာမျှဝေခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း၊ တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများအနေဖြင့် မီဒီယာကဏ္ဍကို စုပေါင်းလုပ်ကိုင်ပါက သတင်းများ ပျံ့နှံ့မှုအားကောင်းပြီး အင်အားကြီးမား၍ အရည်အသွေးပြည့်ဝသော မီဒီယာနယ်ပယ်ကြီးတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအချင်းချင်း သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များ ပူးပေါင်းရိုက်ကူးခြင်းတို့ဖြင့် နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ရင်းနှီးချစ်ခင်မှု ပိုမိုတိုးများလာမည် ဖြစ်ကြောင်း၊ ယနေ့ကဲ့သို့ ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာအပါအဝင် ကဏ္ဍစုံနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ယခုအခမ်းအနား၏ ရည်မှန်းချက်ဖြစ်သည့် New Quality , Coexistence, Civilization ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် အနာဂတ်ကိုဖော်ဆောင်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းနှင့် ယနေ့တွင်တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် ကွေ့လင်မြို့တစ်ဝိုက် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

သတင်းစဉ်

# Naypyitaw State Academy တည်ထောင်ခြင်း နှစ်နှစ်ပြည့်အခမ်းအနား ကျင်းပ




နေပြည်တော် နိုဝင်ဘာ ၉

Naypyitaw State Academy ကို "ပညာရှင်များ မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်" ဖြစ်လာရန် မျှော်မှန်းချက်ဖြင့် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယနေ့ဆိုလျှင် နှစ်နှစ်ပြည့် မြောက်ပြီဖြစ်ပြီး စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကိုသင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

Naypyitaw State Academy တည်ထောင်ခြင်း နှစ်နှစ်ပြည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က Naypyitaw State Academy ကို စတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မဟာဌာနကြီးလေးခု၊ အထူးပြုဘာသာရပ် ၁၂ ခုတွင် ကျောင်းသားကျောင်းသူ ၁၂၆ ဦးကို လက်ခံသင်ကြားခဲ့ရာမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မဟာဌာနကြီး ခုနစ်ခု၊ အထူးပြုဘာသာရပ် ၂၀ တွင် ကျောင်းသား ကျောင်းသူ ၁၅၀၀ ခန့်ဖြင့် ဘက်စုံပညာရပ်များ ဖြန့်ဝေရာ ပညာရပ်ဝန်းတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ Naypyitaw State Academy တွင် အရည်အသွေးရှိသော သင်ကြားသင်ယူမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ ကိုယ်ကာယကြံ့ခိုင်မှုပစ္စည်းများ၊ ရည်ညွှန်းစာအုပ်များ၊ Internet Access နှင့် e-library တို့ကို ဖြည့်ဆည်းပေးထားသည့်အပြင် ဘွဲ့နှင်းသဘင်ခန်းမ၊ ကျောင်းသားအိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာများကို ဖြည့်ဆည်းတည်ဆောက်လျက်ရှိကြောင်း၊ Naypyitaw State Academy ၏ ခံ့ညားထည်ဝါသော ဂုဏ်သတင်းကို အားလုံးထိန်းသိမ်းမြှင့်တင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်က စာတမ်းဖတ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Naypyitaw State Academy ၏ ဆရာ ဆရာမ၊ ဝန်ထမ်းများကို အမှတ်တရ ကံစမ်းမဲများ ဖောက်ပေးကြသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပပြီး စာတမ်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်မြို့၌ (၃၆)ကြိမ်မြောက်နှင့် (၃၇)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၉

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)- ရန်ကုန်မြို့၌ (၃၆)ကြိမ်မြောက်နှင့် (၃၇)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုများကို နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၃၆)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ အသက် ၄၉ နှစ်ရှိ အသည်းရောဂါလူနာအမျိုးသားနှင့် အသည်းအလှူရှင် မောင်နှမဝမ်းကွဲတော်စပ်သူ အသက် ၄၃ နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူမှုကို နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်မှ စတင်ဆောင်ရွက်ခဲ့ကာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အသည်းလက်ခံသူလူနာထံသို့ အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ခွဲစိတ်ကုသမှုပြီးစီးပြီး စုစုပေါင်းခွဲစိတ်ချိန် ၁၀ နာရီခွဲ ကြာမြင့်ခဲ့သည်။

(၃၇)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ချင်းပြည်နယ် ဟားခါးမြို့နယ်မှ အသည်းရောဂါလူနာ အသက် ၆၀ နှစ်ရှိ အမျိုးသမီးနှင့် အသည်းအလှူရှင်သမီးတော်စပ်သူ အသက် ၂၅ နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူမှုကို နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီ ၅၅ မိနစ်မှ စတင်ဆောင်ရွက်ခဲ့ကာ မွန်းလွဲ ၁၂ နာရီ ၃၄ မိနစ်တွင် အသည်းလက်ခံသူ လူနာထံသို့ အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ညနေ ၄ နာရီ ၂၅ မိနစ်တွင် ခွဲစိတ်ကုသမှုပြီးစီးပြီး စုစုပေါင်းခွဲစိတ်ချိန် ခုနစ်နာရီခွဲ ကြာမြင့်ခဲ့သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုး ခွဲစိတ်မှု အောင်မြင်စွာပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်းဦးဆောင်သောအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာစိုင်းအောင်ညွှန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် တောင်ကိုရီးယားနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee ဦးဆောင်သောအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာ ဝင်းဝင်းဆွေ ဦးဆောင်သော အသည်းဆေးကုသမှု ဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာ မူမူနိုင် ဦးဆောင်သော မေ့ဆေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ဒေါက်တာဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေး ဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာ အောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာသီတာအောင် ဦးဆောင်သော သွေးနှင့်သွေး ပစ္စည်းဆိုင်ရာ အထောက်အကူပြု လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ဌာနမှူး (အသည်းခွဲစိတ်) (ငြိမ်း) ပါမောက္ခ ဒေါက်တာတင်တင်မာ၊ ပါမောက္ခ၊ ဌာနမှူး(မေ့ဆေး)(ငြိမ်း) ပါမောက္ခ ဒေါက်တာကြည်ကြည်စန်း၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) - ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေး၊ တွဲဖက်ပါမောက္ခ (မေ့ဆေး) ဒေါက်တာ မောင်မောင်ဆွေ၊ ပါမောက္ခ ဒေါက်တာသဇင်သန်း (ဓာတ်မှန်)၊ ဒေါက်တာယဉ်မူယာ၊ အထူးကုဆရာဝန်ကြီး (ဓာတ်ခွဲ) နှင့် ဆရာဝန်များ၊ သူနာပြုအုပ်များ ဖြစ်သော ဒေါ်စန်းစန်းရင်နှင့် ဒေါ်ပိုပိုအောင်၊ ကျွမ်းကျင်သူနာပြု ဆရာမကြီးများ ဖြစ်သော ဒေါ်ကေသီနွယ်နှင့် ဒေါ်ယုယုလင်း ဦးဆောင်သော သူနာပြုများအဖွဲ့၊ ကျွမ်းကျင် ဝန်ထမ်းများနှင့် အထောက်အကူပြု ဝန်ထမ်းများ အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

(၃၆)ကြိမ်မြောက်နှင့် (၃၇) ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် အသည်းအလှူရှင်များ အားလုံး ခွဲစိတ်ပြီးကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုများကို အထွေထွေရောဂါကုဆေးရုံသစ်ကြီး ရန်ကုန်မြို့၌ ၂၀၀၄ ခုနှစ်တွင်တစ်တွဲ၊ နှင့် ၂၀၀၉ ခုနှစ်တွင် တစ်တွဲ၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်တွင် တစ်တွဲ၊ ၂၀၁၆ ခုနှစ်တွင်လေးတွဲ၊ ၂၀၁၇ ခုနှစ်တွင် ခြောက်တွဲ၊ ၂၀၁၈ ခုနှစ်တွင် ၁၁ တွဲ၊ ၂၀၁၉ ခုနှစ်တွင် ၁၀ တွဲ၊ ၂၀၂၃ ခုနှစ်တွင် တစ်တွဲ စုစုပေါင်း ၃၅ တွဲကို ခွဲစိတ်ကုသမှုဆောင်ရွက်ပြီးဖြစ်သည်။

သတင်းစဉ်

စာမျက်နှာ ၂၄ မှ

အဆိုပါအမျိုးသားကာယဗလ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမ ရဲထွန်းနောင်(မြန်မာ)၊ဒုတိယ ဗီယက်နမ်၊ တတိယ အိန္ဒိယ၊ စတုတ္ထ မလေးရှားနှင့် ပဉ္စမ မာဒါဂါဇကာနိုင်ငံတို့က အသီးသီးရရှိခဲ့သည်။

**နိုင်ငံပေါင်း ၄၁ နိုင်ငံမှ**

**အားကစားသမားပေါင်း ၃၀၀ ခန့် ပါဝင်ယှဉ်ပြိုင်**

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၁ နိုင်ငံမှအားကစားသမားပေါင်း ၃၀၀ ခန့်က ပြိုင်ပွဲအမျိုးအစား ၅၀ ၌ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

လင်းရာမ

မြန်မာအမျိုးသမီးမှ

ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်ပြီး တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ကိုပါ ရယူနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သုံးကြိမ်မြောက် ဗိုလ်စွဲခြင်းဖြစ်သည်။ အဆင့်ရပ်တည်မှုများ အဖြေထွက်ပေါ်ပြီးဖြစ်သော်လည်း နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပထမအကျော့နှင့် ဒုတိယအကျော့တွင် အရေးနိမ့်ထားသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုတတိယအကျော့တွင် အကောင်းဆုံး တုံ့ပြန်ခဲ့ပြီး သရေတစ်မှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံနှင့် ရန်ကုန်ယူနိုက်တက်အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို သွင်းဂိုး ၁၉ ဂိုးစီဖြင့် ပူးတွဲရရှိခဲ့သည့် ဧရာဝတီတိုက်စစ်မှူး စန်းသော်သော်နှင့် အား/ကာသိပ္ပံ တိုက်စစ်ကစားသမား လင်းမြင့်မိုရ်တို့ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်းစီ၊ တတိယဆုရရှိသည့် ဧရာဝတီအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ ဒုတိယဆုရရှိသည့် ရန်ကုန်ယူနိုက်တက်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၅၀၊ ပထမဆုရရှိသည့် အား/ ကာသိပ္ပံအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၂၀၀၊ ချန်ပီယံဆုဖလား၊ တစ်ရာသီလုံးရှုံးပွဲမရှိသည့်အတွက် ရွှေဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ရမှတ် ၄၈ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ဒုတိယ၊ ဧရာဝတီအသင်းက ၂၇ မှတ်ဖြင့် တတိယနေရာ ရရှိသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MWL

# တောင်သူနှင့်အတူ ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် "တောင်သူနှင့်အတူ ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး (Farmers' Participatory Seed Production For Oilseeds Crops and Value Chain Development)" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ လုပ်ငန်းရှင်များ၊ တောင်သူများက Zoom points ၄၀ မှ Online စနစ်ဖြင့် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီထုတ်လုပ်မှုတိုးတက်ရေးကို အားပေးမြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးသူတောင်သူများကို မြေပဲတစ်ဧကလျှင် ကျပ် သုံးသိန်း၊ နေကြာတစ်ဧကလျှင် ကျပ် နှစ်သိန်းနှင့် နှမ်းတစ်ဧကလျှင် ကျပ် ၁ ဒသမ ၅ သိန်းနှင့်ညီမျှသောသွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စားသုံးဆီထုတ်လုပ်ရန်အတွက် ၂၀၂၄-၂၀၂၅ ခုနှစ်၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်း စသည့်ဆီထွက်သီးနှံစိုက်ဧက ၈ ဒသမ ၃၉ သန်းလျာထားပြီး စုစုပေါင်းတင်း ၂၄၅ ဒသမ ၁ သန်း ထွက်ရှိရန် ခန့်မှန်းထားရှိပါကြောင်း။

တစ်ဖက်တွင်လည်း ထွက်ရှိလာသောဆီထွက်သီးနှံကုန်ကြမ်းများကို ကြိတ်ခွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၄ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသော ဆီစက်ပေါင်း ၂၂၈၇ လုံးခန့် ရှိသည်ဟု သိရှိရပါကြောင်း၊ အဆိုပါဆီစက်များ၏ ကြိတ်ခွဲနိုင်မှုစွမ်းအားသည် တစ်နှစ်လျှင် တန်ချိန် နှစ်သိန်းကျော်ရှိသဖြင့် ကုန်ကြမ်းများရရှိအောင် စိုက်ပျိုးထုတ်လုပ်ပေးရန် လိုအပ်သကဲ့သို့ ဆီစက်များ၏ အရည်အသွေးကောင်းမွန်ရန်လည်း အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာန ပညာရှင်များက ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးတွင် ကြုံတွေ့ရသောအခက်အခဲများနှင့် ဆောင်ရွက်ရမည့်အချက်များ၊ ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်မှုကွင်းဆက်ကို လေ့လာသုံးသပ်ခြင်း၊ တောင်သူများ၏ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်လိုသော သဘောထားကို လေ့လာဆန်းစစ်ခြင်း၊ ဆီထွက်သီးနှံများ၏ အရည်အသွေးသတ်မှတ်ချက်များ၊ ပြည်တွင်း၊ ပြည်ပ တင်ပို့ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် အရည်အသွေးသတ်မှတ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ကိုယ်စားလှယ်က ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ စားပွဲဝိုင်းဆွေးနွေးခြင်းအစီအစဉ်တွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး၊ ဆီထွက်သီးနှံများ ဝယ်ယူရေး၊ ကြိတ်ခွဲရေးနှင့် ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး (Contract Farming) အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်း၊ ပြည်ပဈေးကွက်နှင့် ကိုက်ညီမှုရှိစေမည့်အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စားပွဲဝိုင်းရလဒ်များအပေါ် အကြံပြုဆွေးနွေးပြီး အလုပ်ရုံဆွေးနွေးပွဲ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စက်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး အလေးထားဆောင်ရွက်ပေးရမည်



နေပြည်တော် နိုဝင်ဘာ ၉

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။(ယာပုံ)**

တွေ့ဆုံစဉ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးတို့က စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုဇုန်ဥပဒေပါ ပြဋ္ဌာန်းချက်အရ စက်မှုဇုန်အရွယ်အစား၊ စက်မှုဇုန်အမျိုးအစား၊ စက်မှုဇုန်အဆင့်အတန်း သတ်မှတ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

### စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လျှပ်စစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုမရှိစေရေး၊ ဘွိုင်လာများ စွမ်းအားပြည့်အသုံးပြုနိုင်ရေး၊ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### စဉ်ဆက်မပြတ်လေ့လာသင်ယူ

ပြည်တွင်းရှိစက်မှုဇုန်များအား စက်မှုဇုန်အဆင့်အတန်း တစ်ပြေးညီ သတ်မှတ်နိုင်ရေးအတွက် နည်းဥပဒေတွင် မြေအသုံးချမှု အင်္ဂါရပ်များနှင့် ကိုက်ညီခြင်း၊ အကောက်ခွန်ကြီးကြပ်မှု၊ ကုန်လှောင်ရုံစနစ်ပါရှိခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံစွာပါရှိခြင်း၊ အထူးစီးပွားရေးဇုန်များ၊ အခြားစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း စသည့် အချက် ငါးချက်ကို အခြေခံ၍ စစ်ဆေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံအချက် ငါးချက်နှင့် ပတ်သက်သည့် အချက်ခွဲများအလိုက် အမှတ်ပေးမှုစနစ်များကို ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်၍ တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များ မြင့်မားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန်နှင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အဂတိတရားကင်းကင်းဖြင့် ကျေပွန်စွာထမ်းဆောင်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်အတွင်းရှိ ဒိုးပျံအဆင့်မြင့်ဂျုံစက်သို့ ရောက်ရှိပြီး လုပ်ငန်းရှင်၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကာ စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှု လုပ်ငန်းစဉ်ဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | အိုဆာဆူနာ |
| ဗီလာရီးရဲလ် | ၃ | - | ၀ | အလာဗက်စ် |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| စထရာဘို့ | ၁ | - | ၃ | မိုနာကို |

**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ပင်းနစ်ဇီးယား | ၁ | - | ၂ | ပါးမား |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၃ | - | ၂ | ဘုန်းမောက် |
| ပဲလေ့စ် | ၀ | - | ၂ | ဖူလ်ဟမ် |
| ဝက်စ်ဟမ်း | ၀ | - | ၀ | အဲဗာတန် |
| ဝုဖ် | ၂ | - | ၀ | ဆောက်သမ်တန် |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဝါဒါဘရီမင် | ၂ | - | ၁ | ဟော်ဖင်ဟိုင်း |
| မိန်း | ၃ | - | ၁ | ဒေါ့မွန် |
| ဘိုချန် | ၁ | - | ၁ | လေဗာကူဆင် |
| မိုန်ချင်ဂလက်ဘတ် | ၀ | - | ၁ | ဘိုင်ယန်မြူးနစ် |

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# သင့်သွေးဖြင့် အသက်ကယ်ပါ

**'အရေးပေါ် သွေးသွင်းပြီး ခွဲစိတ်ကုသရမယ်တဲ့၊ သွေးလှူရှင်တစ်ဦးလောက် ရနိုင်မလား အိုသွေးလို့ ပြောပါတယ်ခင်ဗျာ၊ လှူချင်တဲ့လူရှိရင် လမ်းညွှန်ပေးကြပါတဲ့'**

ထိုကဲ့သို့ အကူအညီတောင်းခံသံမျိုး ရပ်ထဲရွာထဲတွင် ကြုံဖူးကြားဖူးကြပါလိမ့်မည်။ ဆရာဝန်ညွှန်သော ဆေးကို ဆိုင်များတွင် ငွေကြေးဖြင့် မရမက ရှာဖွေဝယ်ယူနိုင်သော်လည်း 'သွေး' ကိုတော့ ငွေကြေးဖြင့် တိုင်းတာပြီး တန်ဖိုးဖြတ်ဝယ်ယူ၍မရနိုင်၊ လူနာရှင်အတွက် အရပ်ကူပါ၊ လူပိုင်းပါဆိုသော အဖြစ်မျိုး၊ ကုသရာ ဆေးရုံကြီး အဝန်းအဝိုင်းထဲ စုံစမ်းရသည်။ ရပ်ထဲရွာထဲ မေးရမြန်းရသည်။ လူမှုရေးအသင်းအဖွဲ့တွေဆီ ပြေးရလွှားရသည်။ 'သွေးလှူတဲ့ အလှူရှင်နဲ့တွေ့သွားပြီတဲ့၊ သွေးရသွားပြီတဲ့၊ အခြေအနေကောင်းတယ်တဲ့' ဟုဆိုသောအခါမှ ပတ်သက်ရာပတ်သက်ကြောင်း သက်ဆိုင်သူများ သက်ပြင်းချနိုင်သည် 'သွေး' ဟူသော အက္ခရာလေးကတစ်လုံးတည်း သို့သော် သူက လူတစ်ဦး၏ ဘဝအတွက် အကြီးမားဆုံး ခြားနားမှုဖြစ်သည့် ရှင်သန်ခြင်းနှင့်သေဆုံးခြင်းကြားက ကွက်လပ်ထဲမှာ ရှိနေသည်။ ၎င်းကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်သူများမှာ စေတနာ သွေးလှူရှင်များသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လွတ်လပ်ရေးမရမီ ၁၉၃၉ ခုနှစ်၌ ရန်ကုန်ဆေးရုံကြီးတွင် သွေးလှူဘဏ်အား စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်မှစ၍ ရန်ကုန်ပြည်သူဆေးရုံကြီး သွေးလှူဘဏ်အား 'ဗဟိုအမျိုးသားသွေးလှူဘဏ်' အဖြစ်ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး စေတနာသွေးလှူရှင်များလည်း များစွာ ပေါ်ပေါက်လာခဲ့သည်။ ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင်ရှိသော ပြည်သူ့ဆေးရုံများရှိ သွေးလှူဘဏ်များအားလုံးတွင် သွေးလှူဒါန်းနိုင်ပြီဖြစ်ပါသည်။ တစ်ဦးချင်း သွေးအလှူရှင်များထံမှလည်းကောင်း သွေးလှူရှင်အသင်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ ရုံးဌာနများအလိုက် စုပေါင်းသွေးလှူဒါန်းပွဲများဖြင့်လည်းကောင်း၊ နေ့ထူးနေ့မြတ်များ၌ စုပေါင်းသွေးလှူဒါန်းမှုများဖြင့်လည်းကောင်း၊ သန့်စင်သောသွေးများ အလှူခံရရှိပါသည်။ သို့သော် နှစ်စဉ်တိုးပွားလာသော နိုင်ငံလူဦးရေနှင့်အညီ သွေးသွင်းကုသမှုလိုအပ်သော လူနာများအား အချိန်မီအသက်ကယ်ကုသနိုင်ရေး သွေးလှူဘဏ်အသီးသီးမှ ကျန်းမာရေးပညာပေးစာစောင်များ၊ သွေးလှူဒါန်းခြင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပေးစည်းရုံးနှိုးဆော်နေရဆဲဖြစ်ပါသည်။

သွေးလိုအပ်၍ သေခြင်းတရားနှင့်ရင်ဆိုင်တိုက်ခိုက်နေရသော လူနာများစွာတို့သည် သွေးအလှူရှင်များအား လူနာတင်ခုတင်ပေါ်မှ စောင့်မျှော်လျက်ရှိနေကြပါသည်။ ၎င်းလူနာများအတွက် အသက်ရှင်ခြင်းနှင့်သေဆုံးခြင်းတို့သည် အုပ်စုတူညီသော သွေးရနိုင်မှု၊ မရနိုင်မှုတို့အပေါ် မူတည်နေပါသည်။ သွေးကင်ဆာရောဂါခံစားနေရသော ဝေဒနာရှင်များ၊ နှလုံးခွဲစိတ်မည့် လူနာများ၊ မီးလောင်ခံထားရသော လူနာများ၊ ထိခိုက်ဒဏ်ရာရခဲ့သော လူနာများ၊ မွေးရာပါသွေးမတိတ်ရောဂါဝေဒနာရှင်များ၊ နာတာရှည်သွေးအားနည်းရောဂါရှိသူများ၊ မွေးကင်းစအသားဝါရင်သွေးငယ်လေးများ၊ ရိုးတွင်းချဉ်ဆီအစားထိုးကုသခံလူနာများ၊ ခွဲစိတ်ခန်းဝင်နေသော လူနာများ၏ အသက်ရှင်ရေးသည် ပေးဆပ်နိုင်စွမ်းရှိ၍ စွမ်းဆောင်နိုင်သော စွန့်လွှတ်ရဲသူများဖြစ်သည့် စေတနာသွေးလှူရှင်များအပေါ်တွင် လုံးဝမှီခိုအားထားနေရပါသည်။

သွေးလှူရန်အတွက် အသက်(၁၈)နှစ်မှ (၅၅)နှစ်အတွင်း ကျန်းမာရေးကောင်းမွန်ပြီး ခန္ဓာကိုယ်အလေးချိန်အနည်းဆုံးပေါင် (၁၀၀) ရှိသူ၊ သွေးအား ဟေမိုဂလိုဘင် (Hemoglobin) ပြည့်သူ၊ လက်တလော ရောဂါဝေဒနာခံစားနေမှုမရှိသူ မည်သူမဆို မှတ်ပုံတင်ပြီးသွေးလှူဒါန်းခွင့်ရှိပါသည်။ သွေးလှူဒါန်းရန် သင့်၊ မသင့်ကိုမူ သွေးလှူဘဏ်တာဝန်ခံဆရာဝန်မှ သွေးအလှူရှင်၏ ကျန်းမာရေးအားစစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ သွေးဖောက်ယူခြင်းအား အတွေ့အကြုံရှိသော သူနာပြုများနှင့် ကျွမ်းကျင်သူ ကျန်းမာရေးဝန်ထမ်းများမှ ဆောင်ရွက်မည်ဖြစ်ပါသည်။ ပျမ်းမျှအားဖြင့် သွေးဖောက်ယူခြင်းသည် ၁၀ မိနစ်မှ ၁၅ မိနစ်ခန့်သာကြာမြင့်ပါသည်။ ၎င်းနောက် ၁၅ မိနစ်ခန့်အနားယူရင်း အာဟာရအနည်းငယ်ဖြည့်တင်းပြီးမှသာ သွေးလှူဘဏ်မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ရာ မှတ်ပုံတင်ခြင်းမှ စ၍ အနားယူပြီးချိန်အထိ စုစုပေါင်းမိနစ် ၆၀ ခန့် ကြာမြင့်မည်ဖြစ်ပါသည်။

အရွယ်ရောက်ပြီးသူများတွင် အကြမ်းဖျင်းအားဖြင့် သွေးပမာဏ (၅)လီတာမှ (၆)လီတာအထိရှိပါသည်။ သွေးလှူဒါန်းမှု တစ်ကြိမ်တွင်သွေး (၄၅၀)မီလီမီတာသာ ထုတ်ယူပါသည်။ ထို ထုတ်ယူလိုက်သော သွေးပမာဏသည်လည်း ၇၂ နာရီအတွင်း ပြန်လည်ပြည့်သွားမည်ဖြစ်ပါသည်။ သွေးမလှူဒါန်းမီ သွေးအားပြည့်၊ မပြည့် စစ်ဆေးပြီးမှသာ သွေးထုတ်ယူခြင်းဖြစ်သဖြင့် သွေးအားနည်းခြင်းကို မဖြစ်စေပါ။ သွေးလှူဒါန်းစဉ်အသုံးပြုသော အပ်များ၊ ပိုက်များသည် ပိုးကင်းစင်ပြီး တစ်ခါသုံးများသာဖြစ်၍ သွေးလှူဒါန်းခြင်းဖြင့် မည်သည့်ရောဂါမျှ ကူးစက်ခံရခြင်းမရှိပါ။ သွေးလှူရှင်များသည် ပထမအကြိမ်တွင် နာကျင်မည်ကို ကြောက်ရွံ့စိုးရိမ်တတ်ပါသည်။ သို့သော် သွေးဖောက်ယူမှုတွင် အရေပြားကို ဖောက်ချိန်၌သာ အနည်းငယ်နာကျင်ပါသည်။ ၎င်းနောက် သွေးထုတ်ယူနေချိန် သွေးထုတ်ယူပြီးနောက်ပိုင်းအချိန်များတွင် နာကျင်မှုလုံးဝမရှိပါ။ ဆရာဝန်မှ သွေးမလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ပါသည်။ ကျန်းမာရေးနှင့်မညီညွတ်သူများ၏ သွေးများကို လက်မခံပါ။ သင့်လျော်သော လမ်းညွှန်မှုများ အကြံပြုခြင်းများပြုလုပ်ပေးရာ (၄)လတစ်ကြိမ် ပုံမှန်သွေးလှူလေ့ ရှိသူများသည် မိမိ၏သွေးဖိအား အနည်းအများ သွေးပေါင်ချိန်အတက်အကျနှင့် ကိုယ်တွင်းကျန်းမာရေးအခြေအနေကို (၄)လတစ်ကြိမ် ပုံမှန်စစ်ဆေးပြီးဖြစ်စေပါသည်။

သွေးလှူဒါန်းခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန်တိုးလာမှု လုံးဝရှိမည်မဟုတ်ပါ။ သွေးမလှူမီ ခန္ဓာကိုယ်ကျန်းမာရေးကို အခမဲ့စစ်ဆေးရသဖြင့် ကျန်းမာရေးအတွက် အရေးကြီးသော ရောဂါနှစ်မျိုးဖြစ်သည့် သွေးတိုးရောဂါနှင့်သွေးတွင်းအဆီဓာတ် အခြေအနေတို့ကို သိရှိရပြီး ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် သွေးစစ်ခြင်းဖြင့်သာ သိရှိနိုင်သော HIV၊ ကာလသားရောဂါ၊ အသည်းရောဂါကဲ့သို့သော ရောဂါများကို စစ်ဆေးပြီးသားဖြစ်စေပါသည်။ ကမ္ဘာပေါ်တွင် ဆေးပညာရပ်များ တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလျက်ရှိရာ လူသားများအသက်ရှည်ကျန်းမာရေးအတွက် ခန္ဓာကိုယ်အစိတ်အပိုင်းများစွာကို အစားထိုးကုသနိုင်ကြပြီဖြစ်သည်။ ကျောက်ကပ်အစားထိုး ကုသခြင်း၊ အသည်းအစားထိုးကုသခြင်းတို့ဖြင့် မြန်မာ့ဆေးလောကသမိုင်းတွင် ကမ္ဗည်းမော်ကွန်းတင်ရမည့် အောင်မြင်မှုများစွာရှိခဲ့ပါသည်။ ထိုသို့ ခေတ်မီဆေးပညာရပ်တို့ဖြင့် မည်သို့ပင် အစားထိုးကုသနိုင်စေကာမူ အစားထိုး၍ မရသော အရာမှာ 'သွေး' ဖြစ်ပါသည်။ လူသားများမှ လှူဒါန်းသော သွေးဖြင့်သာ သွေးလိုအပ်နေသူများ၏ အသက်ကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။

သွေးလှူပြီးနောက် ထပ်မံဖြည့်စွက်စားသောက်ရသည့် အားဖြည့်စာများကြောင့် သွေးလှူရှင်အား ပိုမိုကျန်းမာလာစေနိုင်ပါသည်။ ကိုလက်စထရောကျစေပါသည်။ သွေးတစ်ကြိမ်လှူပြီးတိုင်း အလှူရှင်၏ ခန္ဓာကိုယ်မှ (၆၅၀)ကယ်လိုရီခန့် လောင်မြိုက်သွားသောကြောင့် ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် လျင်မြန်စွာ ကိုယ်အလေးချိန်ကျစေပါသည်။

သွေးဖောက်ထုတ်လှူဒါန်းခြင်းဖြင့် အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာ၊ လည်ချောင်းကင်ဆာ စသည့် ကင်ဆာရောဂါများဖြစ်နိုင်ခြေအလားအလာနည်းပါးသွားကြောင်း အမေရိကန်ရှိ " miller key store သွေးစင်တာ" မှ အကြံပြုထားပါသည်။ ဆေးသိပ္ပံပညာရှင်များ၏ ဆန်းစစ်ချက်အရ ပုံမှန်သွေးလှူဒါန်းသူများသည် နှလုံးရောဂါဖြစ်နိုင်မှုအလားအလာ ၈၈ ရာခိုင်နှုန်း လျှော့ချနိုင်ပြီး နှလုံးကြောင့် လေဖြတ်ခြင်းအလားအလာ ၃၃ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် (၄)လတစ်ကြိမ် ပုံမှန်သွေးလှူလေ့ရှိသူများသည် ရုတ်တရက်နှလုံးဖောက်ပြန်ခြင်းနှင့် လေဖြတ်ခြင်းတို့ ဖြစ်လေ့မရှိကြောင်း သိရှိရပါသည်။

သွေးလှူဘဏ်များ၏ လုပ်ငန်းစဉ်အဖြစ် သွေးလှူရှင်များ လှူဒါန်းထားသည့် သွေးအိတ်များကို နံပါတ်စဉ်တပ်ပါသည်။ ထို့နောက် သွေးများအားလုံးကို HIV, Hepatitis, syphilis အစရှိသော ရောဂါပိုးများအတွက် ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများမှ စစ်ဆေးပါသည်။ ထုတ်ယူပြီးသော သွေးများမှ ၃၀ ရာခိုင်နှုန်းသော သွေးအိတ်များကို (၆) နာရီအတွင်း သွေးနီဥ၊ သွေးရည်ကြည်၊ သွေးဥမွှားများအဖြစ် လိုအပ်သလို ခွဲထုတ်ပါသည်။

သွေးနီဥများတွင် ဟေမိုဂလိုဘင် (ခေါ်) အောက်စီဂျင်သယ်ဆောင်သည့် ပရိုတိန်းပါဝင်ပါသည်။ သွေးအားနည်းသော လူနာများ ခွဲစိတ်လူနာများအတွက် အသုံးပြုပါသည်။ သွေးရည်ကြည်တွင် ပရိုတိန်းနှင့်သွေးခဲစေနိုင်သော ဓာတ်ပစ္စည်းများ ပါဝင်ပါသည်။ သွေးနှင့်ပတ်သက်သောရောဂါဝေဒနာရှင်များအတွက် အသုံးပြုပါသည်။ သွေးဥမွှားသည် သွေးခဲစေရန် ကူညီပါသည်။ သွေးဥမွှားနှင့်ပတ်သက်သောရောဂါဝေဒနာရှင်များအတွက် အသုံးပြုပါသည်။ ထို့ကြောင့် သွေးတစ်ကြိမ်လှူခြင်းဖြင့် လူနာသုံးဦး၏အသက်ကို ကယ်တင်နိုင်ပါသည်။ သွေးကို မဖြန့်ဖြူးမီ သွေးလှူဘဏ်တွင် သိမ်းဆည်းထားရှိပြီး သွေးအမျိုးအစားပေါ်မူတည်၍ သွေးနီဥကို ၃၅ရက်မှ ၄၂ ရက်ထိ သိမ်းဆည်းထားနိုင်ပါသည်။ သွေးဥမွှားကို ၃ရက်မှ ၅ရက်ထိ သိမ်းဆည်းထားနိုင်ပြီး သွေးရည်ကြည်ကို (၁)နှစ်မှ (၂) နှစ်အထိ သိမ်းဆည်းထားနိုင်ပါသည်။

သွေးလှူရှင်များအနေဖြင့် သွေးလှူပြီးနောက် ဆုံးရှုံးသွားသော သွေးနီဥများကို ရိုးတွင်းချဉ်ဆီမှ ၄၈နာရီအတွင်း ပြန်လည်ထုတ်လုပ်ပေးပါသည်။ တစ်လ သို့မဟုတ် နှစ်လနီးပါးအကြာတွင် ပုံမှန်သွေးနီဥပမာဏပြန်လည် ပြည့်ဝလာပြီး သွေးသစ်လောင်းစေကာ သွေးနီဆဲလ်အသစ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထား၍ ခန္ဓာကိုယ်မှာ ပိုမိုလန်းဆန်းတက်ကြွစေမည် ဖြစ်ပါသည်။ အထူးသဖြင့် သက်ကြီးပိုင်းသွေးလှူရှင်များ ကျန်းမာရေးပိုမိုကောင်းမွန်လာပြီး ခွန်အားတောင့်တင်းလာစေပါသည်။

စာရေးသူ၏ မိတ်ဆွေများထဲတွင် အသက်ကြီးပိုင်းအရွယ် သွေးလှူရှင်မိတ်ဆွေတစ်ဦးရှိပါသည်။ သူ၏အမည်မှာ ဦးမြင့်လွင် ဖြစ်ပါသည်။ သူသည် အရွယ်ရောက်သည်မှစ၍ သွေးလှူဒါန်းခဲ့ရာ သွေးအကြိမ်(၁၂၆)ကြိမ်ပေးလှူပြီး ဖြစ်ပါသည်။ ၎င်းအား နိုင်ငံတော်မှ (၄-၁-၁၉၉၆) ရက်တွင် လူမှုထူးချွန် တတိယအဆင့် (၄-၁-၂၀၁၂)ရက်တွင် လူမှုထူးချွန် ဒုတိယအဆင့် နှင့် (၄. ၁. ၂၀၁၆) ရက်တွင် လူမှုထူးချွန် ပထမအဆင့် ချီးမြှင့်ခဲ့ပါသည်။ ယနေ့အချိန်ထိ မည်သည့်ရောဂါမျှ မစွဲကပ်ဘဲ ကျန်းမာကြံ့ခိုင်နေခြင်းမှာ ပုံမှန်သွေးလှူဒါန်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကိုယ်တိုင်ယုံကြည်မှုရှိနေပါသည်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့များနှင့်အခါအားလျော်စွာ ကျင်းပသော အလွတ်တန်းမိုနီမာရသွန်ပြိုင်ပွဲ၊ တာဝေးအပြေးပြိုင်ပွဲများတွင် ပန်းဝင်သည်အထိ ယှဉ်ပြိုင်ဆင်နွှဲနေနိုင်ဆဲ ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းအဖြစ် မိခင်ဌာနမှ အငြိမ်းစားယူပြီးဖြစ်သော်လည်း မိသားစုစီးပွားရေးလုပ်ငန်းနှင့် ရပ်ရေးရွာရေးလုပ်ငန်းများတွင် လူငယ်၊ လူလတ်ပိုင်းများနှင့်မခြား တက်ကြွစွာ ပါဝင်လုပ်ကိုင်လျက်ရှိပါသည်။ ကျွန်တော်နှင့်တွေ့တိုင်းလည်း လူတိုင်းသွေးလှူဒါန်းနိုင်ရေး တိုက်တွန်းသည့် ဆောင်းပါးတစ်ပုဒ်လောက်ရေးပါဟု ဆော်ဩလေ့ရှိပါသည်။

သွေးသွင်းကုသမှု လုပ်ငန်းများ၏ ကျေးဇူးရှင်မှာ သွေးအုပ်စုများစွာကို ရှာဖွေပေးခဲ့သူ နိုဘယ်လ်ဆုရ ကာလေစတီနားဖြစ်ပြီး ၎င်း၏ မွေးနေ့ဖြစ်သော ဒီဇင်ဘာ ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ နိုင်ငံအသီးသီး၌ စေတနာသွေးလှူရှင်များ စုဆောင်းမှုပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ နှစ်စဉ်ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားများကို ကျင်းပကြပါသည်။ မြန်မာနိုင်ငံတွင်လည်း စေတနာသွေးလှူရှင်များ များပြားလာစေရေးနှင့် သွေးကောင်းသွေးသန့်များ သုံးစွဲနိုင်ရေးတို့ကို ရည်ရွယ်ပြီး ကျန်းမာရေးဝန်ကြီးဌာနသည် ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ် ဒီဇင်ဘာလ ၁၄ ရက်တွင် သွေးလှူရှင်များ ဂုဏ်ပြုပွဲနေ့ အခမ်းအနားများ ကျင်းပပေးလျက်ရှိပါသည်။ သွေးလှူရှင်များ အနေဖြင့် (၄)လလျှင် တစ်ကြိမ် သွေးလှူဒါန်းနိုင်ပြီး အကြိမ် (၅၀)နှင့်အထက် သွေးလှူရှင်များသည် ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိပါသည်။ ထို့နောက်(၅)ကြိမ် ထပ်မံလှူဒါန်းပြီးပါက သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားသို့ ထပ်မံတက်ရောက်ခွင့်ရရှိပါသည်။ သို့ဖြစ်၍ သွေးလှူရှင်တစ်ဦးသည် (၄) လလျှင် တစ်ကြိမ်ပုံမှန်သွေးလှူဒါန်းသွားပါက သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားသို့ (၂)နှစ်လျှင်တစ်ကြိမ် တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့ပြင်နိုင်ငံတော်အစိုးရမှ နှစ်စဉ်လွတ်လပ်ရေးနေ့များတွင် အကြိမ် (၅၀)နှင့်အထက် စေတနာသွေးလှူရှင်များအား လူမှုထူးချွန် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ဆုတံဆိပ်များ ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်လျက်ရှိပါသည်။

**သွေးသည် အသက်၊ အသက်သည်သွေး၊ သင့်သွေးဖြင့် အသက်ကယ်ပါ** ဟူသော တိုက်တွန်းရေးသားထားရှိသည့် ဆောင်ပုဒ်များအရ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် သွေးသည် လွန်စွာအရေးပါကြောင်း သိရှိနိုင်ပေသည်။ ထို့ကြောင့် မိမိကိုယ်တိုင်၏ ကျန်းမာသန့်စင်သော သွေးအား ဇီဝိတဒါနပြုလှူဒါန်း၍ လူသားများ၏ အသက်ကို ကယ်တင်စောင့်ရှောက် အကျိုးပြုနိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။

**ထိန်ထိန်လင်း**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Anatomy Of a Fall ၏ ပျော့်ရှင်စွာ အဆုံးသတ်ကို ဖော်ပြထား

သာယာသော အိမ်ထောင်ရေး အကြောင်း ရိုက်ကူးတင်ပြထားသည့် Anatomy Of a Fall မှာ ပျော်ရွှင်စွာ အဆုံးသတ်ကြလေသတည်းဟု ဖော်ပြထားသည့် ပြင်သစ်ရုပ်ရှင်ဖြစ်၍ ပရိသတ် နှစ်ခြိုက်ခဲ့ကြပြီး ၇၆ ကြိမ်မြောက် ကိန်း ရုပ်ရှင်ပွဲတော်တွင်လည်း ဆုများစွာ ရရှိထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ပညာတတ် အလွှာတစ်ခုမှ မိသားစုအကြောင်း ရိုက်ကူးထားရာ စာရေးဆရာမိဘနှစ်ဦးက မျက်မမြင်သားငယ်ကို လူသူမနီးသည့်နေရာတစ်ခုတွင် ပြုစုပျိုးထောင်ပေးခဲ့ပြီး အတွင်းကြိတ်ပြဿနာကိုယ်စီနှင့် ပရိသတ်ကို ပဟေဠိပေးထားသည်။


ခင်ပွန်းဖြစ်သူသေဆုံးမှုတွင် ဇနီးသည်မှာ တရားခံဖြစ်ခဲ့ရပြီး မိသားစုအတွင်းရေးများကို ပညာသားပါပါနှင့် ရိုက်ကူးထားကာ ချစ်ကြိုက်၍လက်ထပ်ခဲ့ပြီး စေ့စပ်မရသည့်အကြောင်းများ ဖြစ်ပွားခဲ့ရာမှ လူတစ်ဖက်သား နှုတ်ထွက်စကားတစ်ခွန်းနှင့် သေလောက်အောင် မျက်ရည်ပေါက်ကြီးငယ်ကျအောင် အငြိုးကြီးကြီးနှင့် ဆောင်ရွက်ခဲ့ပုံကို မြင်တွေ့ကြရပြီး အိမ်ထောင်တစ်ခုတည်မြဲမှု၊ ကွဲကွာမှုကို လေ့လာနိုင်ကာ ပျော်ရွှင်စွာ အဆုံးသတ်ကိုလည်း မြင်တွေ့ခဲ့ကြရသည်။ **SKY**

## မင်းသမီး Jo Boah အချစ်စစ်နှင့်တွေ့ဆုံပြီး လက်ထပ်မည်

အနုပညာရှင်မင်းသမီး ဂျိုဘိုအာသည် အသက် ၃၀နှစ်တွင် အိမ်ထောင်ပြု၍ သားသမီးလိုချင်ကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားထားပြီး အချစ်စစ်နှင့်တွေ့၍ လက်ထပ်တော့မည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျိုဘိုအာ၏ချစ်သူမှာ အနုပညာရှင် လောကမှမဟုတ်တဲ့ သာမန်လူတစ်ဦးသာဖြစ်ပြီး သူ့အပေါ် နားလည်မှုအပြည့်နှင့် တာဝန်ယူစိတ်ရှိသူဖြစ်၍ အောက်တိုဘာလတွင် လက်ထပ်ပွဲကျင်းပမည်ဟု ပရိသတ်ထံ တရားဝင်ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိဂျိုဘိုအာသည် မင်းသားကင်ဆူဟွမ်နှင့်အတူ Knock Off ဇာတ်လမ်းတွဲရိုက်ကူးနေပြီး ပြီးစီးချိန်၌ လက်ထပ်ပွဲကျင်းပမည်ဖြစ်သည်။ **SKY**





## အရက်သောက်ခြင်းက အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ပိုမိုမြန်ဆန်လာစေနိုင်

မှတ်ဉာဏ်ထိခိုက်ရာမှ နောက်ပိုင်းတွင် အရာရာကိုမမှတ်မိတော့တဲ့ အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားကာ မှတ်ဉာဏ်လုံးဝပျောက်ဆုံးရာမှ သက်တမ်းမပြည့်မီသေဆုံးကြရတတ်သည်။

အမေရိကန်ပြည်ထောင်စုတွင် အယ်လ်ဇိုင်းမားရောဂါ ခံစားနေရသူ ပေါင်း ၇ သန်းနီးပါးရှိနေပြီး လာမည့် ၂၀၆၀ ပြည့်နှစ်တွင် ၂ ဆတိုးလာမည်ဟု ပညာရှင်များခန့်မှန်းတွက်ချက်ထားကြသည်။

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဆန်ဒီယေးဂိုးမြို့ရှိ စခရစ်သုတေသနအဖွဲ့အစည်းမှ အာပီတာဂျိုရှီ ဦးဆောင်သော သုတေသီများသည် အရက်သောက်ခြင်းက လူ့ဦးနှောက်အပေါ်အကျိုးသက်ရောက်ပုံကိုစူးစမ်းလေ့လာခဲ့ရာ မကြာသေးမီက ထူးခြားချက်တစ်ရပ်ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အရက်ကြောင့် ဦးနှောက်အတွင်းရှိ မှတ်ဉာဏ်ဆဲလ်များပျက်စီးသွားရာမှ နောက်ဆုံးတွင် မှတ်ဉာဏ်ပျောက်ဆုံးစေသော အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားခြင်းကို ပိုမိုမြန်ဆန်လာစေနိုင်မည်ဆိုသော ထူးခြားချက်ကို ၄င်းတို့တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **SCI**

## Black Pink မှ Jisoo ကို Monthly Boy Friend တွင် သရုပ်ဆောင်အဖြစ်တွေ့ရ

ကိုရီးယားဒရမ်မာဇာတ်လမ်း Monthly Boyfriend ကို ထူးခြားသော ဇာတ်အိမ်နှင့် တည်ဆောက်ထားပြီး မင်းသား ဆိုအင်ဂွတ်နှင့်အတူ ဘလက်ပင့်ခ်မှ ဂျီဆိုးကို သရုပ်ဆောင်အဖြစ် မြင်တွေ့ရမည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားကို ထူးခြားသည့် စိတ်ကူးယဉ် Virtual World မှ Virtual Boyfriend တစ်ဦး၏ အချစ်ဇာတ်လမ်းကို ဖန်တီးထားကာ ပြင်ပလောကတွင် ကမ္ဘာထိလွှမ်းမိုးနိုင်သည့် ဂျီဆိုးတို့နှစ်ဦးကြား စိတ်ကူးယဉ်အချစ်ဇာတ်လမ်းကို ပုံဖော်ထားသည့်ကြား စိတ်ကူးယဉ်အချစ်ဇာတ်လမ်းကို ပုံဖော်ထားသည်။

တီမီအင်န်၏ ဒရမ်မာဖြစ်ပြီး နာမည်ကျော်ဒါရိုက်တာ ကင်ဂျောင်ဆစ်က ရိုက်ကူးထားကာ ဆိုအင်ဂွတ်နှင့် ဂျီဆိုးတို့ လှပချောမောမှုကို ပြည်တွင်းသာမက ပြည်ပကပါ စိတ်ဝင်တစား မျှော်လင့်နေကြသည်။

**SKY**



## Ham So Won အလှမယ်ဟောင်းက ခင်ပွန်းနှင့် လမ်းခွဲခဲ့

ဟန်ဆူဝမ်သည် အလှမယ်ပြိုင်ပွဲတွင် အနိုင်ရရှိပြီးနောက် ဖျော်ဖြေရေးလောကသို့ ဝင်ရောက်ခဲ့ကာ အသက် ၄၂နှစ်တွင် လက်ထပ်ခဲ့ပြီးနောက် နိုင်ငံခြားတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရာမှ သမီးတစ်ဦးရပြီးမှ ၄၈ နှစ်တွင် လမ်းခွဲခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာရှင်အလှမယ်ဟောင်း ဟန်ဆူဝမ်သည် သူ့ထက် ၁၈ နှစ်ငယ်သည့် ခင်ပွန်းနှင့် လက်ထပ်ခဲ့ပြီးနောက် သမီးတစ်ဦးရကာ ၂၀၂၂ ခုနှစ်တွင် လမ်းခွဲခဲ့ကြပြီး ဆိုးလ်တိုက်ခန်းတွင် အတူနေကြခြင်းမှာ သမီးအတွက် ဖြစ်သည်ဟု ဆိုသည်။

ခင်ပွန်း ဂျင်ဟွာသည် ဖခင်တာဝန်ကျေပွန်စွာ လုပ်ကိုင်ပေးနေရာမှ သမီးဘဝအတွက် စဉ်းစား၍ ပြန်လည်သင့်မြတ်ရန် ကြိုးစားနေသည်ဟု Sex is Zero နှင့်ကျော်ကြား၍ My Big Family တွင် ပါဝင်ခဲ့သည့် မင်းသမီးဟန်ဆူဝမ်က တရားဝင်ပြောကြားထားသည်။ **SKY**



## BTS မှ Jin@Kim Seok Jin က ပရိသတ်ပျော်ရွှင်ရန် ဖန်တီးမှုများ ပြုလုပ်ထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် သင်တန်းကာလပြီးဆုံးခဲ့ပြီးနောက် နေ့စဉ်အနုပညာအလုပ်များနှင့် ပြည့်နေကာ ပရိသတ်များ ပျော်ရွှင်စေရန် လုပ်ကိုင်ဖန်တီးမှုများ ပြုလုပ်နေရ၍ ဝမ်းသာသည်ဟု ပြောကြားထားသည်ကို ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်(ခေါ်)ကင်ဆွတ်ဂျင်၏ များပြားလှသည့် အနုပညာတင်ဆက်မှုများအနက်မှ ဆိုးလ်မြို့တော်၏ ဂုဏ်ထူးဆောင်သံတမန်အဖြစ်နှင့် Feel Soul Good Campaign တွင် ပါဝင်၍ ဆိုးလ်၏ ချစ်ခြင်းမေတ္တာ၊ စိတ်အားထက်သန်မှု၊ ပျော်စရာများနှင့် ပြည့်နေသည့်မြို့ကို ပုံဖော်မည်ဖြစ်သည်။

ဘီတီအက်စ် ဂျင်၏ ရုပ်ရည်နှင့် ကိုယ်ရည်ကိုယ်သွေးမှာ Worldwide Handsome ဖြစ်သည်ဟု ပီဒီကင်မြောင်ဂျင်က SportSeoul အင်တာဗျူးတွင် ပြောကြားခဲ့ပြီး ဂျင်သည်ကြော်ငြာရိုက်မှု၊ အနုပညာလုပ်ငန်းများနှင့် အလုပ်ရှုပ်ကာ ပင်ပန်းသည့် လက္ခဏာမပြဘဲ ရိုက်ကူးရေးတွင် ဆက်ဆံရေးကောင်းမွန်၍ ရင်းနှီးသူဖြစ်ပြီး ပရိသတ်အတွက် ပျော်ရွှင်မှုများ ဖန်တီးပေးသူဖြစ်သည်ဟု ထုတ်ဖော်ချီးကျူးသွားသည်။ **SKY**



## Jenny Chayissara Waltananawin က ချစ်သူလူစွမ်းကောင်းတွင် ပါဝင်ထား

ထိုင်းအနုပညာရှင်မင်းသမီး ဂျင်နီချာရီဆာရာဝပ်တာနာနာဝင်းနှင့် အီယိုယိုဆာဝပ်တာဝါပီးတို့ အဓိကပါဝင်ထားသည့် The Brave Man ချစ်သူလူစွမ်းကောင်း ဇာတ်ကားမှာ ပရိသတ်အားပေးမှု ရရှိထားသည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ရဲရင့်၍ သတ္တိရှိပြီး အမှန်တရားဘက်တော်သားတစ်ဦး မကောင်းမှုများကို နှိမ်နင်းရန် စိတ်အားထက်သန်နေသူ အရာရှိတစ်ဦးနှင့် အရာရှိဆိုသူကို မယုံကြည်ဘဲ ကိုယ်တိုင်စွန့်စားလိုသူတစ်ဦးတို့၏ စွန့်စားခန်း အက်ရှင်များကို ရိုက်ကူးထားသည်။

စစ်ဆင်ရေးတစ်ခုတွင် နှစ်ဦးသားဆုံခဲ့ကြပြီးနောက် ချစ်သူလူစွမ်းကောင်းတစ်ဦးဖြစ်လာပုံကို အက်ရှင်ခန်းများစွာနှင့် ရိုက်ကူးထားရာ မင်းသမီးလေးဂျင်နီချာရီဆာရာဝပ်တာနာနာဝင်းကို ပရိသတ် အားပေးမှုတစ်ခဲနက် ရရှိထားသည်။

**SKY**

0-0-0-0-0-0



# အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိ




**ဂျကာတာ နိုဝင်ဘာ ၉**

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိလာရာ တရုတ်သမ္မတ ရှီကျင့်ဖျင်က ပေကျင်းမြို့တော်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၇၃ နှစ်အရွယ် ပရာဘိုဝိုဆူဘီယန်တိုသည် အင်ဒိုနီးရှားသမ္မတအဖြစ် အာဏာရပြီးနောက် ပြည်ပခရီးထွက်ခွာရာ တရုတ်နိုင်ငံသို့ ပထမဦးစွာဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးသဘောတူညီမှုရခဲ့ကြောင်း ပရာဘိုဝိုဆူဘီယန်တိုက ထုတ်ဖော်ပြောကြားသည်။

အင်ဒိုနီးရှားသမ္မတသည် တရုတ်နိုင်ငံခရီးစဉ်အပြီးတွင် အမေရိကန်သမ္မတ၏ ဖိတ်ကြားချက်အရ အမေရိကန် ပြည်ထောင်စုသို့ ဆက်လက်သွားရောက်ဦးမည် ဖြစ်သည်။

ထို့နောက်၎င်းသည် ပီရူး၊ ဘရာဇီးနှင့် ဗြိတိန်နိုင်ငံများသို့လည်း တစ်ဆက်တည်းသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

Mon



# ၂၀၂၄ ခုနှစ် ဘော့စဝါနာရွေးကောက်ပွဲအပြီးတွင် အသက် ၅၄ နှစ်အရွယ် ဒူမာဘိုကို သမ္မတဖြစ်လာ

**ဂါဘိုရုန်း နိုဝင်ဘာ ၉**

၂၀၂၄ ခုနှစ် ဘော့စဝါနာရွေးကောက်ပွဲအပြီးတွင် မဲနိုင်ခဲ့သည့် ယူဒီစီပါတီကိုယ်စားပြု အသက် ၅၄ နှစ်အရွယ် ဒူမာဘိုကိုသမ္မတဖြစ်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါရွေးကောက်ပွဲတွင် နှစ်ပေါင်း ၆၀ နီးပါးကြာအောင် ဘော့စဝါနာနိုင်ငံ၌ အာဏာရခဲ့သည့် ဘီဒီပီပါတီ မဲရှုံးနိမ့်ခဲ့သည်။

ဘော့စဝါနာ ပါလီမန်တွင် ယူဒီစီပါတီကိုယ်စားပြုအမတ်များ ၃၆ နေရာအနိုင်ရခဲ့ပြီး ဘီဒီပီပါတီကိုယ်စားပြုအမတ်များ လေးနေရာသာအနိုင်ရခဲ့ကြောင်း သိရသည်။

Mon

# ဗြိတိန်နိုင်ငံ အင်္ဂလန်မြောက်ပိုင်းဒေသတွင် မြို့ပတ်လျှပ်စစ်ရထား စမ်းသပ်ပြေးဆွဲနေ



**လန်ဒန် နိုဝင်ဘာ ၉**

ဗြိတိန်နိုင်ငံ အင်္ဂလန်မြောက်ပိုင်းဒေသတွင် မြို့ပတ်လျှပ်စစ်ရထားစမ်းသပ်ပြေးဆွဲနေကြောင်း အီလက်ထရစ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျပန်အခြေစိုက် ဟီတာချီကုမ္ပဏီနှင့် ဗြိတိန်အခြေစိုက် ကုမ္ပဏီများအကျိုးတူပူးပေါင်းကာ ထိုလျှပ်စစ်ရထားကို စမ်းသပ်ပြေးဆွဲနေခြင်း ဖြစ်သည်။

ဓာတ်အား ၇၀၀ ကီလိုဘိုက်ရှိသောဘက်ထရီ တပ်ဆင်ထားသောစက်ခေါင်းက ၁ နာရီလျှင် ၇၅ မိုင် အမြန်နှုန်းဖြင့် ပြေးဆွဲပြီးနောက်ပိုင်းတွင် ၁ နာရီလျှင်မိုင် ၇၀ သို့ အရှိန်လျော့ကျလာကြောင်း တွေ့ရသည်။

ဘက်ထရီကို အားအပြည့်သွင်းထားပြီးလျှင် ခရီးကီလိုမီတာ ၁၀၀ မှ ၁၅၀ အထိ မောင်းနှင်နိုင်သော ထိုလျှပ်စစ်ရထားကို အများပြည်သူအတွက် သုံးရန်သင့်သည်ဟု သက်ဆိုင်ရာအာဏာပိုင်များက ထောက်ခံခွင့်ပြုခဲ့ပြီးဖြစ်သည်။

စွမ်းအင်ကုန်ကျစရိတ်သက်သာပြီး လေထုညစ်ညမ်းမှုလည်း မဖြစ်စေနိုင်သော ထိုလျှပ်စစ်မြို့ပတ်ရထားကို အခြားဥရောပနိုင်ငံများတွင်လည်း အလားတူ စမ်းသပ်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

Mon




# အသက် ၅၁ နှစ်အရွယ် အာဖဂန်နိုင်ငံသား ရှာကေရီကို ဒေါ်နယ်လ်ထရမ့်အား လုပ်ကြံခံရမှုနှင့် ပတ်သက်၍ တရားစွဲ

**ဝါရှင်တန် နိုဝင်ဘာ ၉**

အသက် ၅၁ နှစ်အရွယ် အာဖဂန်နိုင်ငံသား ရှာကေရီကို ဒေါ်နယ်လ်ထရမ့် လုပ်ကြံခံရမှုနှင့်ပတ်သက်၍ အမေရိကန်အစိုးရတရားရေးဌာနက နိုဝင်ဘာ ၈ ရက်တွင် တရားစွဲဆိုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မန်ဟတ်တန်တရားရုံးတွင် တရားစွဲတင်လိုက်သော ထိုအမှု၌ အီရန်အစိုးရက နောက်ကွယ်မှ ကြိုးကိုင်စီမံခဲ့သည်ဟု ထည့်သွင်းစွပ်စွဲထားသည်။

ယင်းစွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း အီရန်အစိုးရဘက်က ချက်ချင်းတုံ့ပြန်ငြင်းဆိုခဲ့သည်။

ရှာကေရီက တစ်ဆင့်ငှားရမ်းခိုင်းစေသဖြင့် အမေရိကန်သတင်းသမားတစ်ဦးကို လုပ်ကြံသတ်ဖြတ်ရန်ကြံစည်ခဲ့သော အသက် ၄၉ နှစ်အရွယ် ကာလစ္စလေရီဗဲရားနှင့် အသက် ၃၆ နှစ်အရွယ် ဂျိုနသန်လုပ်ဟို့တို့ နှစ်ဦးကို လက်ရဖမ်းဆီးကာ ကြားနာစစ်ဆေးလျက်ရှိသော်လည်း ရှာကေရီမှာမူ တိမ်းရှောင်နေဆဲဖြစ်ကြောင်း သိရသည်။

Mon







# ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရေးအတွက် ဂျာမနီဝန်ကြီးချုပ် အိုလတ်ဖ်ရှုလ်ဇ် ဖိအားပေးခံနေရ

**ဘာလင် နိုဝင်ဘာ ၉**

ကြားဖြတ်ရွေးကောက်ပွဲ အဆောတလျင် ကျင်းပရေးအတွက် ဂျာမနီဝန်ကြီးချုပ် အိုလတ်ဖ်ရှုလ်ဇ် ဖိအားပေးခံနေရကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

ဘဏ္ဍာရေးဝန်ကြီးကို ၎င်းရာထူးမှထုတ်ပယ်လိုက်ပြီးနောက် သုံးပါတီညွန့်ပေါင်းအစိုးရအဖွဲ့ထဲမှ နှစ်ပါတီကိုယ်စားပြုဝန်ကြီးများပါ နုတ်ထွက်သွားခဲ့သည်။

လက်ရှိ ၎င်း၏ပါတီကိုယ်စားပြုလူနည်းစု အစိုးရ ဆက်လက်စီမံအုပ်ချုပ်နေသော်လည်း ပါလီမန်၌ အယုံအကြည်မရှိ အဆိုတင်သွင်းရန်လည်း အတိုက်အခံများက စိုင်းပြင်းနေကြောင်း သိရသည်။

Mon

ဘရာဇီးနိုင်ငံ ဆောပေါ်လိုမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုဝင်ဘာ ၈ ရက်က ဖြစ်ပွားခဲ့သော လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်၍ ရဲ၊ စုံထောက်များအခင်းဖြစ်နေရာကို ကြည့်ရှုစစ်ဆေးနေကြစဉ်။

Mon



STOP AIDS

# ဂျူးလူမျိုး ၅ ဦးထက်မနည်း ရိုက်နှက်ခံရပြီးနောက် အမ်စတာဒမ်မြို့တော်ဝန် သတင်းစာရှင်းလင်းပွဲပြုလုပ်

**အမ်စတာဒမ် နိုဝင်ဘာ ၉**

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့လယ်တစ်နေရာတွင် နိုဝင်ဘာ ၇ ရက်ညပိုင်းက ဂျူးလူမျိုးငါး ဦးထက်မနည်း ရိုက်နှက်ခံရပြီးနောက် မြို့တော်ဝန် ဖင်မ်ကေဟာလ်ဆေမာ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမ်စတာဒမ်မြို့တော်၌ လက်ခံကျင်းပသည့် ဥရောပဖလားဘောလုံးပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်သော မတ်ကာဘီတယ်လဗီဘောလုံးအသင်းကိုအားပေးမည့် ဂျူးဘောလုံးပရိသတ်များကို စကူတာများစီးနင်းလာသော လူငယ်တစ်စုက ရိုက်နှက်ခဲ့သောအမှုနှင့် ပတ်သက်၍ ၎င်းရှင်းလင်းခဲ့ခြင်း ဖြစ်သည်။

ရန်ပြုခံခဲ့ရသူများ၏ မိသားစုဝင်များ နယ်သာလန်နှင့် အစ္စရေးနှစ်နိုင်ငံတွင်ရှိနေကြရာ ၎င်းတို့နှင့်ထပ်တူစိတ်မကောင်းဖြစ်ရကြောင်း မြို့တော်ဝန် ဖင်မ်ကေဟာလ်ဆေမာက ထုတ်ဖော်ပြောကြားသည်။

ရိုက်နှက်မှုကျူးလွန်သူများနှင့် ပူးပေါင်းပါဝင်သူများကို ထိရောက်စွာ အရေးယူမည်ဟု ဝန်ကြီးချုပ် ဒစ်ရှုကော့ဖ်ကလည်း ပြောကြားသည်။

နယ်သာလန်ရဲတပ်ဖွဲ့က အဆိုပါအမှုနှင့် ပတ်သက်၍ သံသယရှိသူ ၆၀ ကျော်ကို ဖမ်းဆီးထားပြီးနောက် အမ်စတာဒမ်မြို့တွင် အခြေအနေငြိမ်သက်ကောင်းမွန်ကြောင်း သိရသည်။

Mon



## သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**တပ်ကုန်း နိုဝင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်မှူး ဝင်းထွဋ်အောင်၊ ဒေါက်တာ ခင်မောင်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး မြစိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းအောင်ကျော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော်ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းအောင်၊ နေပြည်တော်အသေးစား၊ အငယ်စား၊ အလတ်စား (MSME) အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် မြို့ပေါ်(၆)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ၊ရပ်ဖများ၊ ပရဟိတအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝင်းထွဋ်အောင်က သဘာဝဘေးဖြစ်ပေါ်လာနိုင်မှုအခြေအနေများ၊ မြစ်ချောင်းအနီးအနားရှိ ရပ်ကွက်၊ ကျေးရွာများ ကြိုတင်ရှောင်ရှားရန် ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်မီးသတ်ဦးစီးမှူးက ယခင်ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ချိန်တွင် ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များနှင့် ဓာတ်တိုက်လေ့ကျင့်ရန် ရှင်းလင်းတင်ပြ၍လည်းကောင်း၊ နေပြည်တော် အသေးစား၊အငယ်စား၊ အလတ်စား(MSME) အသင်းမှ ဒုတိယဥက္ကဋ္ဌက ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်း၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်၊ကျေးရွာများမှ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ တင်ပြမှု အခြေအနေများနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆပ်ကော်မတီ ဖွဲ့စည်းကာ မြို့နယ်မီးသတ်ဦးစီးဌာနတွင် ကူညီရေး သတင်းပို့ဌာနဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြစေရန် ရှင်းလင်းဆွေးနွေးခဲ့သည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက သာမန်ချိန်၊ အရေးပေါ်ချိန်၊ အရေးကြီးချိန်၊ ပြန်လည်ထူထောင်ရေးအပြင် ရေကြီး၊မြေပြိုနိုင်သည့် မြစ်ချောင်းနဘေးနေထိုင်သူများ ကြိုတင်ရွှေ့ပြောင်းရန် အခြေအနေများ ရှင်းလင်းပြောကြား၍လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက မြို့နယ်အတွင်းမှ ဆည်များ သာမကြည့်ဘဲ အနီးပတ်ဝန်းကျင်မြို့များမှ ဆည်များ၏ ရေအမှတ်၊ မိုးရေချိန်များသိရှိရန် အခြေအနေများနှင့် တက်ရောက်လာသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားလာပါက ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်းတင်ပြပြီးနောက် အဖွဲ့ဝင်(၁)ကလိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ကွန်ဟိန်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၅ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀က ကွန်ဟိန်းမြို့နယ်၊ နမ့်မော်ငင်းကျေးရွာနေ စိုင်းမောင်(ခ)စိုင်းခတ္တိဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄,၇၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းမောင်(ခ)စိုင်းခတ္တိ(၄၅)နှစ်ဆိုသူအား ကာလိနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်တွင် အိုက်ပီးဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆,၀၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၂ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်ပီး(၄၆)နှစ်ဆိုသူအား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မိုးရွာပြီး လေတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများ ပြိုလဲမှု ဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေး၊ အမရပူရမြို့နယ်၊ တံခွန်တိုင်၊ ကမ္ဘဝါတန်းရပ်ကွက်နှင့် တောင်သမန်ကန်ပတ်လမ်းတို့တွင် နိုဝင်ဘာ ၅ ရက် ည ၉ နာရီက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် သစ်ပင်ကြီးများ ပြိုလဲမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် တောင်သမန်ကန်ပတ်လမ်းပေါ်ရှိ ဇီးပင်ကြီးနှင့် ကမ္ဘဝါတန်းရပ်ကွက်ရှိ ပိတောက်ပင်တို့ ပြိုလဲသဖြင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီးရုံးမှ ခုတ်ထွင်ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၇)**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ငွေတော်ကျီကုန်းရပ်ကွက်၊ ၁၁၉လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြား အဝေးပြေးကားဂိတ်တွင် အမျိုးသားနှစ်ဦးအား မူးယစ်ဆေးဝါး ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီခန့်က ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ ဒုတိယရဲအုပ်မျိုးဟိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် သတင်းအရ ၁၁၉လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားရှိ မန္တလေး-မြစ်ကြီးနား အဝေးပြေးကားဂိတ်တွင် ဦးကျော်ကျော်သက်ဆိုသူနှင့် ဦးဝေဖြိုးအောင်ဆိုသူတို့ လာရောက်ပို့ဆောင်သည့်ပစ္စည်းများအား ရှာဖွေရာမှ ကြိမ်ခြင်းတောင်းအတွင်း ပလတ်စတစ်ရောင်စုံဆပ်ပြာခွက်များဖြင့် ထည့်လျက် ဘိန်းဖြူဟု ယူဆရသော ဖြူ၀ါရောင်အမှုန့်များပါ ဆပ်ပြာခွက် ၁၅ ခွက်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြသည်။

အဆိုပါ ဘိန်းဖြူမှုန့်များအား လက်ဝယ်သယ်ဆောင်လာသူ ဦးကျော်ကျော်သက် (၄၅)နှစ် (အင်းမကျေးရွာ၊ ညောင်တုန်းမြို့နယ်)နှင့် ဦးဝေဖြိုးအောင်(၂၆)နှစ် (လှည်းဆိပ်ကျေးရွာ၊ ညောင်တုန်းမြို့နယ်)ဆိုသူတို့အား ပြည်ကြီးတံခွန်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၀၅၇)**



ဥပဒေ
ဘောင်တွင်း
နေထိုင်ခြင်း၊
ဘေးကင်း
ရန်ကွာ
လွှမ်းချမ်းသာ။




## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website: https://www. most.gov.mm၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www. dtvet.edu.mm၊ https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။ **နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို (၁၀-၁၁-၂၀၂၄) ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ Website: http://www.most.gov.mm၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm၊ http:// www.dast.gov.mm နှင့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာချက်

၁။ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို ၉-၁၁-၂၀၂၄ ရက်မှ စတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)၊ အဆင့်မြင့်ပညာဦးစီးဌာန၏ Website၊ သက်ဆိုင်ရာ တက္ကသိုလ်၏ Website နှင့် ကြော်ငြာသင်ပုန်းတို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို ၂၁-၁၁-၂၀၂၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ တက္ကသိုလ်များတွင် ၁၄-၁၁-၂၀၂၄ ရက်မှ စတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
၉-၁၁-၂၀၂၄

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ် သည်။



## (၇)လအတွင်း ပဲတန်ချိန် ၂ ဒသမ ၉၈သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့

ယခု၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဧပြီလမှ အောက်တိုဘာလအထိ (၇)လအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ချိန် ၂ ဒသမ ၉၈ သန်း တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ သိရသည်။

အဆိုပါ တင်ပို့မှုသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ထားခြင်းဖြစ်ပြီး မြန်မာပြည်၌ စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံကို အိန္ဒိယနှင့်တရုတ်နိုင်ငံသို့ အဓိက တင်ပို့လျက်ရှိသည်။

အိန္ဒိယနိုင်ငံနှင့် MoUနားလည်မှု စာချွန်လွှာရေးထိုးထား ပြီး မတ်ပဲတန်ချိန် နှစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်းကို နှစ်စဉ်တင်ပို့နေခြင်းဖြစ်သည်။

ယခုအခါ အိန္ဒိယနှင့်MoU ရေးထိုးထားသည့် မတ်ပဲတင်ပို့မှုပမာဏကို တန်ချိန်ငါးသိန်းအထိ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆွေးနွေးနေကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံ စိုက်ပျိုးမြေဧရိယာ၏ ၂၀ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံ စိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ ၇၂ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲလွန်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း စိုက်ပျိုးလျက်ရှိသည်။

လက်ရှိတွင် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံမှ တင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး ပဲမျိုးစုံသည်လည်း အဓိကပို့ကုန်တစ်မယ်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ရွှေမန်း**

☆ **စာမျက်နှာ ၂၄မှ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်နေသည်။ ဦးဌေးမြင့်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း နှစ်သင်းစလုံးကို နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပြီး ၄င်းကိုင်တွယ်ရာတွင် အမျိုးသမီးဖူဆယ်လက်ရွေးစင်အသင်းကို ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု၊ အမျိုးသားဖူဆယ်လက်ရွေးစင်အသင်းကို ၂၀၁၆ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆု၊ ၂၀၁၇ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ မြန်မာဖူဆယ်သမိုင်းတွင် လက်ရွေးစင်အမျိုးသားနှင့် အမျိုးသမီးဖူဆယ်အသင်းများကို အမြင့်ဆုံးဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သူဖြစ်သည်။

၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ရက်မှ ၂၁ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအပါအဝင် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားအသင်းတို့ ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၉**

ယနေ့ မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၌ နောက် ၃၆နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စတုတ္ထအကြိမ် စုပေါင်းမဟာဘုံကထိန်အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ





**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထအကြိမ် စုပေါင်းမဟာဘုံကထိန် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ကျင်းပရာ ချမ်းမြသာစည်မြို့နယ်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဓမ္မကာရာမတိုက်၊ မိတ္တီလာကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဓမ္မကာရာမတိုက်၊ မိတ္တီလာကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဓမ္မကာရာမတိုက်၊ မိတ္တီလာကျောင်းဆရာတော်ထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီးတို့က ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းများကို လည်းကောင်းဆက်ကပ်လှူဒါန်း၍ မဟာဓမ္မကာရာမတိုက်၊ နံ့သာမြိုင်ဗိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်း၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်ခဲ့ကြသည်။ ယနေ့ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထအကြိမ် စုပေါင်းမဟာဘုံကထိန်အခမ်းအနား၌ စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၁၁၇၇၇၀၀ ရှိ ပဒေသာပင် ၁၀၂ ပင်ဖြင့် ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ ပင့်သံဃာ ၅၄ပါး ကျောင်းရှိ သံဃာ ၆၀၁ပါး အတွက် လှူဒါန်းငွေကျပ် စုစုပေါင်း ၆၆၁၁၀၀၀၊ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စအတွက် စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀၀ တို့ဖြစ်ကြောင်းနှင့် လှူဒါန်းမှုအစုစုမှာ စုစုပေါင်းငွေကျပ် သိန်း ၇၂၀ ကျော်ရှိကြောင်း သိရ သည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀











## ပြည်ပသို့ ဆန်တင်ပို့မှုမှ ၇ လအတွင်း ဒေါ်လာ ၆၄၇ သန်းရရှိထားကြောင်း MRF ထုတ်ပြန်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ အောက်တိုဘာလကုန်အထိ ခုနစ်လတာအတွင်း ပြည်ပဝယ်လက်နိုင်ငံတွေထံ ဆန်နဲ့ဆန်ကွဲတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ ၆၄၇ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က နိုဝင်ဘာ၈ရက်က ထုတ်ပြန်ထားသည်။

ဆန်၊ ဆန်ကွဲ မက်ထရစ်တန်ချိန် ၁၃၆၂၆၃၀ တန် တင်ပို့မှုကနေ ရရှိထားပြီး အင်ဒိုနီးရှားနိုင်ငံက အများဆုံးဝယ်ယူတာဖြစ်ကြောင်း MRFထုတ်ပြန်ချက်စာရင်းတွင် ဖော်ပြထားသည်။လအလိုက် တင်ပို့မှုကိုကြည့်ရင် အောက်တိုဘာလမှာ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ဆန်၊ ဆန်ကွဲတန်ချိန် စုစုပေါင်း ၄၂၄၇၈၄ ဒသမ ၂၇တန် တင်ပို့မှုမှ ဒေါ်လာ ၁၈၉သန်းအထိ စံချိန်တင်ထပ်မံရရှိခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလက ၁၀၄ သန်းဖြင့် စံချိန်တင်ရရှိခဲ့ခြင်း ဖြစ်သည်။

အောက်တိုဘာလအတွင်း ဆန်တန်ချိန် ၂၃၀၈၀၃ ဒသမ ၂၇ တန်၊ ဆန်ကွဲတန်ချိန် ၁၉၃-၉၈၁ တန်ချိန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၄၂၄၅၃၄ ဒသမ ၂၇ တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၂၅၀ တင်ပို့ခဲ့ခြင်းဖြစ်ရာ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တင်ပို့နိုင်ခြင်း သိသိသာသာလျော့ကျလာတာကို တွေ့ရသည်။

ဧပြီလမှာ ဒေါ်လာ ၅၅ သန်း၊ မေလမှာ ၃၆ သန်း၊ ဇွန်လမှာ ၈၄ သန်းနဲ့ ဩဂုတ်လမှာ ၉၇ သန်း စက်တင်ဘာလမှာ ၁၀၄ သန်း၊ အောက်တိုဘာလမှာ ၁၈၉ သန်းအထိ ရရှိထားတာကိုလည်း MRF၏အချက်အလက်တွေအရ သိရသည်။

ဆန်နှင့်ဆန်ကွဲအမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကိုကြည့်ရင် ပြည်ပနိုင်ငံ ၁၅နိုင်ငံက အဓိက ဝယ်လိုအားရှိပြီး အဲဒီအထဲမှာ အင်ဒိုနီးရှားက အများဆုံးဝယ်ယူထားပြီး ဒုတိယအများဆုံးမှာ ဖိလစ်ပိုင်နှင့်တတိယအများဆုံးမှာတရုတ်တို့က အများဆုံးဝယ်ယူသူတွေအဖြစ်ရှိနေသည်။ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၁၃ ခုကနေ အများအပြားဝယ်ယူလျက်ရှိပြီး ဘယ်လ်ဂျီယံ၊ ဆီနီဂေါ၊ တရုတ်၊ အင်ဒိုနီးရှားနိုင်ငံတွေကနေ အများဆုံးဝယ်ယူလျက်ရှိတာကို စာရင်းတွေမှာ ဖော်ပြထားသည်။



မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄ဧပြီလမှ၂၀၂၅မတ်လအထိ ဘဏ္ဍာနှစ်အတွင်း ဆန်၊ ဆန်ကွဲ တန်ချိန် ၂ ဒသမ ၅ သန်းတင်ပို့နိုင်ဖို့ ရည်မှန်းထားသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပို့ကုန်ရငွေများကို အမြန်ဆုံးပြန်လည်ဝင်ရောက်ရေးကို အသိပေး နှိုးဆော်ထားကြောင်း သိရသည်။

**ရွှေမန်း**



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**ကလော နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်ခဲ့သည့် (၁၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့ နံနက် ၅နာရီခွဲက ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးစိုးမြင့်နှင့်အဖွဲ့ဝင်ဝန်ထမ်းများက သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့်အဖွဲ့ဝင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးခဲ့ပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချတရားတော်နာယူခဲ့သည်။

ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၁၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားခဲ့ပြီး ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား တာဝန်ရှိသူများက အမှတ်တရပစ္စည်းလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းများတွင် ထူးချွန်ဆုရရှိသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း၊ ဝန်ထမ်းများအား တူညီဝတ်စုံနှင့် အထိမ်းအမှတ် မှတ်စုစာအုပ်များ၊ ဆန်၊ ဆီစားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်း၊ ဝန်ထမ်းသား၊ သမီးများအား ပညာသင်စရိတ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဝန်ထမ်းများအား (၁၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငွေသားဆုများ မဲဖောက်ပေး၍ ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲသီးနှံ ၈၆၉ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၈၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲစိုက်ဧက ၂၉၃၀ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက လျာထားစိုက်ဧက ပြည့်မီစေရန် ယခုနှစ်အောက်တိုဘာ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ မြေပဲ ၈၆၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ပြည်တွင်းဆီစားသုံးမှု ဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို ၂၉၃၀ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၆၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီဖို့နဲ့ အထွက်နှုန်းကောင်းမွန်စေဖို့အတွက် မြေပဲစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက သီးနှံအထွက်နှုန်းကောင်းမွန်ရေးဒေသနှင့် ကိုက်ညီသည့် ဆင်းပဒေသာ-၁၁မြေပဲမျိုးများကိုသာ အဓိကစိုက်ပျိုးကြကြောင်း သိရပြီး တောင်သူများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက အရည်အသွေးကောင်းသော သီးနှံများထွက်ရှိရေး၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေးနှင့် သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးစသည့် စိုက်ပျိုးရေးအသိပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆီစားသုံးမှု ဖူလုံစေရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၆၆၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ဧက ၃၆၁၉ ဧက စိုက်ပျိုးနိုင်ခဲ့၍ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုဆောင်းသီးနှံစိုက်ပျိုးရာတွင်လည်း မြေပဲစိုက်ဧက ၂၉၃၀ ဧက စိုက်ပျိုးရန် လျာထားရှိရာ ယနေ့ထိ ၈၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် ဒေသခံတောင်သူများ ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**

၀-၀-၀-၀-၀-၀-၀





## ဥပဒေချုပ်နှင့် ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**သရက် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မကွေးတိုင်းဒေသကြီးဥပဒေချုပ်နှင့် ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၈ရက် နံနက် ၁၁နာရီက ခရိုင်ဥပဒေရုံးအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ရာ ခရိုင်ဥပဒေအရာရှိနှင့် ခရိုင်အတွင်း မြို့နယ်ဥပဒေအရာရှိများ၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက ပြောကြားရာတွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်၏ တရားစွဲအမှုလိုက်လုပ်ငန်းများ၊ စီမံရေးရာလုပ်ငန်းများကို အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရန် လမ်းညွှန်များ မှာကြားပေးခဲ့ပြီး ခရိုင်ဥပဒေအရာရှိဦးလှမြင့်က မိမိရုံးတွင် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လိုအပ်သည်များကို တင်ပြပေးခဲ့သည်။

ထို့နောက် မြို့နယ်များမှ ဥပဒေအရာရှိများက မိမိမြို့နယ်အလိုက် လိုအပ်သည်များ တင်ပြဆွေးနွေးပေးခဲ့ရာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်က လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စော်ထက်(သရက်)**

၀-၀-၀-၀-၀-၀-၀-၀

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ ဏ္ဍာ ရာဇ် များ (၉၅)



၁၉၉၁ခုနှစ် ဧပြီလထုတ် ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်းမှ ဆရာသုခမိန်လှိုင်၏ "ရုပ်ရှင်" ကဗျာမှာ အရှည်ကြီးမဟုတ် တိုတိုကလေးဖြစ်သည်။ ပါဒ(၉)ကြောင်းမျှသာဖြစ်သည်။ ကဗျာမှာတိုသော်လည်း အတွေးမှာ ရှည်လျားလှ၏။

ရုပ်ရှင်ဆိုသည်မှာ ဖန်တီးထားသော အနုပညာတစ်ရပ်ဖြစ်ပြီး ထိုအနုပညာကို ခံစား၍ အပန်းဖြေအနားယူကြသည်။ အသိပညာဗဟုသုတရယူကြသည်။ သံဝေဂကိုဉာဏ်နှင့်ယှဉ်၍ ဆင်ခြင်ရယူကြသည်။

ကျွန်တော်တို့တစ်တွေ ရုပ်ရှင်ကြည့်ကြသည့်အခါ ဇာတ်ကားကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ရုပ်ရှင်ရုံထဲဝင်ကြည့်မိလိုက်သည်နှင့် ဇာတ်ကားမှ "ပြီးပါပြီ"ဟု စာတန်းမထိုးမချင်း ပြီးစီးအောင် ကြည့်ကြရပါသည်။ သုခမိန်လှိုင်၏ "ရုပ်ရှင်"မှာ ထိုသို့မဟုတ် ဇာတ်ကားမပြီးခင် ရုပ်ရှင်ရုံအပြင်ဘက်သို့ ထွက်ချင်သော်လည်း ကိုယ်တိုင်ပါဝင်သရုပ်ဆောင်မိသဖြင့် ရုံအပြင်ထွက်ရခက်နေခြင်းဖြစ်သည်။

**ရုပ်ရှင်**

* စိတ်မနိုင်သူ တစ်ဦးရဲ့
ကြည့်ရတဲ့ ရုပ်ရှင်ဟာ
ချောက်ချား ဖွယ်အတိ။
* ဒဏ်ရာတွေဟာ
တောက်ပဝတ်စုံ
ထည်လဲဆင်လို့
အားလုံးဇာတ်လိုက်
စိတ်အိုက်တဲ့အခါ
ရုံအပြင် ပြန်ထွက်လို့လဲ မရတော့။ ။

သုခမိန်လှိုင်
(ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း)
၁၉၉၁/ဧပြီလ

ဆရာသုခမိန်လှိုင်၏ "ရုပ်ရှင်"ကဗျာကို ဖတ်ရှုခံစားမိပြီး ၁၉၇၀ ဝန်းကျင်က သိဒ္ဓတ္ထလှိုင်ကလောင်ဖြင့် ထုတ်ဝေခဲ့သော "ဂျွန်လ၏ မိုးရေများ" ကဗျာစာအုပ်ကလေးကို သွားအမှတ်ရမိ သည်။ ထို ကဗျာစာအုပ်သည် မြန်မာခေတ်ပေါ်ကဗျာ(မော်ဒန်ကဗျာ)၏ ရေစီးကြောင်းကို သိသိသာသာကြီးပြောင်းလဲပစ်လိုက်သော စာအုပ်ဟု ဆိုရပေမည်။ ကဗျာ ၂၂ပုဒ်ဖြစ်ပြီး ကာရန်ကို အဓိကမထားဘဲ ကဗျာအဖြစ် ရဲဝင့်စွာ တင်ဆက်လိုက်သော မော်ဒန်ကဗျာအရေးအဖွဲ့ဖြစ်သည်။ ကဗျာရေးသူ သုခမိန်လှိုင်(၂၂)နှစ်အရွယ်တွင် ထွက်ရှိသောစာအုပ်လည်းဖြစ်သည်။ ယခုနှစ်ပေါင်း ၅၀ကျော် ၅၄နှစ်ရှိပြီ။



အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် ဆရာသုခမိန်လှိုင်(သိဒ္ဓတ္ထလှိုင်)၏ "ဂျွန်လ၏ မိုးရေများ"ကဗျာစာအုပ်မှကဗျာများသည် ကျွန်တော့်အား ခေတ်ပေါ်ကဗျာရေးဖွဲ့နိုင်ဖို့ သင်ယူခဲ့ရသည့် ကဗျာစာအုပ်ဖြစ်လေသည်။ ကဗျာရေးချင်စိတ်ကုန်ဆုံးနေသည့်အခါ၊ ကဗျာလိပ်ပြာမနိုးသည့်အခါ ဆရာသုခမိန်လှိုင်၏ "ဂျွန်လ၏ မိုးရေများ"ကဗျာစာအုပ်ကို ပြန်လည်ဖတ်ရှုပြီး ကဗျာရေးချင်စိတ်ကို ပြန်လည်နိုးဆွယူရပါသည်။ ထို့ကြောင့် ဆရာသုခမိန်လှိုင်သည် ကျွန်တော့်အား ခေတ်ပေါ်ကဗျာရေးနည်း အတတ်ကို သင်ကြားပေးသော မြင်ဆရာအဖြစ် ဆိုရပေမည်။

ထို့အတူ ဆရာသစ္စာနီ၊ ဆရာအောင်ချိမ့်၊ ဆရာဖော်ဝေး၊ ဆရာမောင်ချောနွယ်တို့၏ ကဗျာများကိုလည်း လေ့လာသင်ယူပြီး ကဗျာရေးဖွဲ့မှုအားကောင်းအောင် ကြိုးစားခဲ့ရသည်။

ခေတ်ပေါ်ကဗျာရေးနည်းကို လေ့လာသင်ယူခဲ့ရသော ကဗျာဆရာ၊ တေးရေးဆရာ သုခမိန်လှိုင်နှင့် ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းစာအုပ်ထဲတွင် အဖွင့်ကဗျာအဖြစ် အတူယှဉ်တွဲဖော်ပြခံရသည့်အတွက် ကျွန်တော်အလွန်ပျော်ရွှင်ခဲ့ရပါသည်။

ကျွန်တော်၏ ကဗျာမှာ ညအကြောင်းကို ညထဲမှာလမ်းလျှောက်ထွက်ကြည့်ခြင်းဖြင့် ရရှိခဲ့သော ကဗျာဖြစ်သည်။

**ညတစ်ခုထဲ အလည်အပတ်သွားခြင်း**

* လမ်းဓာတ်မီးတိုင်ထိပ်
အိပ်နေတဲ့ ဖန်ချောင်းကလေး
တစ်နေကုန်
အညောင်း မိနေရာကနေ
ဖျတ်ကနဲ ဖျတ်ကနဲ
မျက်တောင်ခပ်လို့ နိုးလာတယ်။
* ကြည့်စမ်းကွယ် . . . .
ကြယ်အပေါင်းဝန်းရံထားတဲ့ "လ"ဟာ
ညတစ်ခုကို
ငွေရောင်တွေနဲ့ ဖျန်းပက်နေတုန်း
ဖြုန်းကနဲဆို . . . .
အိတွဲချိုမြတဲ့ တိမ်တစ်စ
"လ"ကို ခလုတ်တိုက်သွားတယ်။
* အဲဒီမှာပဲ
ရွှေဝါရောင် အိပ်မက်ထဲက မင်းသမီး
ငိုချင်းညည်းခဲ့တယ်။
* အဲဒီမှာပဲ
ညထဲက သစ်ပင်တွေဟာ
နိုက်တြိဂျင်ကိုရှူပြီး
အိပ်မောကျခဲ့တယ်။
* အဲဒီမှာပဲ
ရက်ရာဇာနဲ့ ပြဿဒါး
ပြက္ခဒိန် စာရွက်မှာ
အမှတ်မှားခဲ့တယ်။
* အဲဒီမှာပဲ
ဒရစပ်လည်ပတ်နေတဲ့
နာရီလက်တံ ဂဏန်းကွက်ထဲ
ပက်လက်လှန်လဲကျခဲ့တယ်။
* ဟော . . . . . . .
ရှည်မျောမျော ငှါအရိပ်
လမ်းမပေါ် တိတ်တဆိတ်
ခုန်တက်လာ
ဒါဟာ . . . . . .
ငှါ့ခန္ဓာကိုယ်ကို
အလျားလိုက်ဖြတ်နင်းသွားတဲ့ သီချင်းသံ
လရောင်ခြည်ရဲ့ အတောင်ပံ
ညတစ်ခုထဲ ထိုးဖောက်ပျံ။ ။

သွယ်အောင်
(ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း)
၁၉၉၁/ဧပြီလ

ညပိုင်းမိုးချုပ်၊ မိုးလင်း မအိပ်ဘဲကဗျာတွေရေးဖွဲ့နေသော ကျွန်တော့်အား မိဘများက သိပ်မကြည်ဖြူကြချေ။ အမေဖြစ်သူက တဗျစ်တောက်တောက်ဖြင့် မကြာခဏဆူသည်။ အဖေက ဘာမျှမပြော၊ ဖိနပ်လုပ်ငန်းကိုတော့ ကူညီလုပ်ကိုင်စေချင်သည်။

"မင်းဝါသနာပါတဲ့ ကဗျာရေး၊ ပန်းချီဆွဲလုပ်တာတော့ လုပ်ပေါ့ကွာ၊ ငါတို့ ဖိနပ်လုပ်ငန်းကိုလည်း ကူလုပ်ပေးပါလား အစအဆုံးမလုပ်တောင်စက်နဲ့ ချုပ်ရတဲ့ အလုပ်ကိုတော့ ကူလုပ်ပေးပါဦး၊ နေ့ တွက်ပေးတယ်လို့ သဘောမထားပါနဲ့ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးပေးပါ့မယ်"ဟု ချော့၍ အဖေက ဖိနပ်လုပ်ငန်းလုပ်ဖို့ စည်းရုံးသည်။

ကျွန်တော်က ဖိနပ်တစ်ရန်လုံး အစအဆုံးပြီးစီးအောင်မလုပ်တတ်သော်လည်း ဖိနပ်မျက်နှာပြင်(သားရေ)ကို အနက်ရောင်၊ လေးညွှင်းအညိုရောင် ဆေးဆိုးခြင်း၊ အရောင်တင်ခြင်းကို ကျွမ်းကျင်စွာလုပ်တတ်သည်။ ထို့ပြင် ဖိနပ်အောက်ခံရာဘာ(ကလစ်)ကို အပ်ချုပ်စက်ကြီးဖြင့် ချုပ်သည့် အလုပ်ကိုလည်း လုပ်တတ်မှန်း အဖေသိ၍ဖြစ်သည်။

အဖေ၏ စကားကိုနားထောင်ပြီး ကိုယ်တတ်နိုင်သည့်ဘက်မှ ဖိနပ်လုပ်ငန်းကို ကူညီလုပ်ကိုင်ပေးခဲ့ပါသည်။ ထိုအခါ အမေက ကျွန်တော်ဖိနပ်လုပ်ငန်းကူလုပ်ပေးသည့်အတွက် ကဗျာရေးခြင်း၊ ပန်းချီဆွဲခြင်းတို့ကို အပြစ်မဆိုတော့ဘဲ ကျွန်တော့်ကို ပြုံးပြီး သဘောကျနေတော့သည်။

ကျွန်တော်ဖိနပ်လုပ်ငန်းကူလုပ်ပေးသည့်အတွက် အဖေပြောသလို လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးများရပါသည်။ ထိုပိုက်ဆံဖြင့် ကျွန်တော်ဖတ်ချင်သော စာအုပ်များဝယ်သည်။ ဆေး၊ စုတ်တံ၊ ပုံဆွဲစက္ကူများဝယ်သည်။

**သွယ်အောင်**



# လူထုအခြေပြုဗဟိုဌာန၌ စာအုပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပ



**မိတ္ထီလာ နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့လူထုအခြေပြုဗဟိုဌာန၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော သုတရသစာအုပ်၊ စာစောင်များကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ၏ တာဝန်ခံများထံသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာများနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်များလှူဒါန်းပေးခြင်းအတွက် ရပ်ကွက်ကျေးရွာစာကြည့်တိုက်များ၏ တာဝန်ခံများကိုယ်စား ရေချိုကျေးရွာ စာကြည့်တိုက်တာဝန်ခံ ဦးမာတောက်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အဆိုပါစာအုပ်လှူဒါန်းပွဲအခမ်းအနားတွင် ရပ်ကွက်ကျေးရွာစာကြည့်တိုက် ၁၇ တိုက်အတွက် သုတရသစာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၅၃)**

## စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



**လယ်ဝေး နိုဝင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ နံနက်ပိုင်းက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့သည်။ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် အလယ်တန်းကျောင်းသား၊ ကျောင်းသူ ၁၈ ဦးက အမျိုးသားနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးက ခေါင်းစဉ်နှစ်ခုအား မဲနှိုက်၍ ကျရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါ စာစီစာကုံးနှင့် ကျပန်းပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ဆုချီးမြှင့် ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ပြုလုပ်

**ရပ်စောက် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၃)အခြေခံပညာမူလတန်း



လွန်ကျောင်း၌ နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝတ်ရည်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆုမွန်ထွန်းက အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ပြောကြားခဲ့သည်။ ထို့နောက် အငြိမ်းစားကျောင်းဆရာမ ဒေါ်ကြည်ငွေးက ချစ်နိုင်(စိတ်ပညာ)ရေးသားထားသော ဦးလည်မသုန်စာအုပ်မှ မိသားစုတန်ဖိုး ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး နောက်ဟောပြောချက်များအပေါ် မေးခွန်းများ ပြန်လည်မေးမြန်း၍ အဖြေမှန်သော ကျောင်းသား၊ ကျောင်းသူများကို ဆုငွေချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညောင်ဦးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ပန်းမျိုးတစ်ရာခန်းမတွင် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာသည်သာရတနာ သီချင်းဖြင့် ဆုချီးမြှင့်ခြင်းအခမ်းအနားအား စတင်ဖွင့်လှစ်ကာ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဂုဏ်ထူးငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာရရှိခဲ့သည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၄၈၁)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့လေး

## ဘုံကထိန်ပွဲ

* တန်ဆောင်မွန်မြတ်လ

လှူဒါန်းကြစီဝရံ

ရပါစေ အကျိုးငါးပါး

ကြိုးစားလှူရန် ။

* သာသနာ့ အမွေခံ

ခင်းကျင်းရန် ကျောင်းတော်သို့

ဘုံကထိန်အလှူပွဲကို

ဆင်နွှဲကြစို့ ။

* နည်းများမဆို ပါဝင်လျက်

ကုသိုလ်ဖက် ပြုကြလေ

မွန်မြတ်သည် ကထိန်သင်္ကန်း

လှူဒါန်းအပ်ပေ ။

* သာသနာ့အမွေခံ

ခင်းကျင်းရန် ကျောင်းတော်သို့

ဘုံကထိန်အလှူပွဲကို

ဆင်နွှဲကြစို့ ။ ။

**မောင်မောင်လင်းထွင့်(နန်းတော်ရှေ့)**



## သတင်းပဒေသာ

### သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဇရာဝတီကျောင်းဆောင်၌ ကျင်းပရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းဦးက မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ အသက်နှစ်လမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက မြို့ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးသည်။ မြို့ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက အသက်နှစ်လမှ အသက်တစ်နှစ်ခွဲ ကလေးငယ်များအား ကြက်ညှာချောင်းဆိုး၊ ဆုံဆို့နာ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)စသည့် ငါးမျိုးစပ်ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးတိုက်ခြင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများထိုးနှံပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

ကျောက်တံခါးမြို့နယ်တွင် စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာမူလတန်း(မူလွန်)(ဖျိုင်းကွင်း)ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရန်ကုန်တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တာဝန်ခံဆရာမကြီးများက အဖွင့်အမှာစကားပြောကြားသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းတင့်နှင့် ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းစိုးက စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စာဖတ်ဖို့အချိန်ပေးရန်အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ပညာရတနာခန်းမတွင် လူငယ်စကားဝိုင်း ကျင်းပ

ရွှေကျင်မြို့နယ် ကျွဲတဲရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် လူငယ်များ အသိပညာပိုမိုတိုးတက်လာစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့် သတ္တိများရှိလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက လူငယ်စကားဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မဟာမုနိရုပ်ရှင်တော်မြတ်တွင်ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းနှင့် ဘက်စုံပြုပြင်ရန် ငွေလှူဒါန်း



**မန္တလေး နိုဝင်ဘာ ၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်အားချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများနှင့် ဘက်စုံပြုပြင်ရန်ငွေများလှူဒါန်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်က မဟာမုနိဘုရားကြီးချိတ်ဆွဲရန် ရန်ကုန်မြို့ သာကေတမြို့နယ်နေ မရည်ရည်ဝင်းဟန် မိသားစုက မွေးနေ့အထိမ်းအမှတ် အလေးချိန် ၁ ပဲ ၁ ရွေးရှိ ရွှေပီချုံးရုပ် ၁ ရုပ် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒေါ်မေမေခင် မိသားစုက ဘက်စုံပြုပြင်ရန် ငွေကျပ် ၅ သိန်း ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းနေ ဦးဝင်းစိန်+ဒေါ်သန်းသန်းဝင်းမိသားစုနှင့် တပည့်များက ဘက်စုံပြုပြင်ရန်ငွေကျပ် ၅ သိန်း လှူဒါန်းရာ မဟာမုနိဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်းနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်သည်။ **(ဓာတ်ပုံ)**

မဟာမုနိဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန် ဘက်စုံပြုပြင်ရန် ကျောင်းတော်ရွှေချရန် ငွေ ပဒေသာပင်လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၄၀၄၄၄၇၅နှင့် ၀၉-၉၆၀၃၀၀၅၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကဆ)**

## (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**ပခုက္ကူ နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါရုံး၊ မြဇရာ(၁) ခန်းမတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ ကြွရောက်တော်မူလာကြသော ပခုက္ကူမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအရိယဝံသ (အဂ္ဂမဟာပဏ္ဍိတ)နှင့် မြို့ပေါ်ကျောင်းတိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်သူမြတ်များနှင့် ဧည့်သည်တော်များက "နမောတဿ"သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်သူမြတ်များထံမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်အမှူးပြုသော ဧည့်သည်တော်များက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များနာယူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် ပခုက္ကူမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင်နှင့်အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့်ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အငြိမ်းစားဝန်ထမ်းများက တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ကဆ)**

## (၁၇)ကြိမ်မြောက် ဘုံကထိန်အတွက် ပဒေသာပင်များ လှူဒါန်း

**စစ်ကိုင်း နိုဝင်ဘာ ၉**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယက ဆရာတော်၊ နယ်စပ်တောင်တန်းနှင့် ဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းချုပ် ဆရာတော် ဘဒ္ဒန္တတိက္ခဦးဆောင်သည့် (၁၇)ကြိမ်မြောက် ကထိန်တော်သို့ ပဒေသာပင်တစ်ပင် တစ်သိန်းတစ်သောင်းကျပ်နှင့် မိုးပေါ်ကျတစ်ပင် ခြောက်သောင်းကျပ်ဖြင့် လှူဒါန်းလျက်ရှိရာ မန္တလေးမြို့၊ မန်းတောင်ခြေဘိုးဘွားရိပ်သာနေ အလှူရှင် အဘွား ဒေါ်တင်တင်ဦး၊ဒေါ်စုစုထွန်း၊ ဒေါ်ခင်မေယုတို့က ကွယ်လွန်သူမိဘများနှင့် ညီမတို့အား ရည်စူး၍ ကထိန်ပဒေသာပင် တစ်ပင်၊ မိုးကျတစ်ပါးစာအား စုပေါင်း၍ ငွေကျပ် တစ်သိန်းခုနှစ်သောင်းကို ယမန်နေ့ကပေးလှူရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးကိုယ်စား ရုံးအဖွဲ့ဒေါ်နွယ်နီနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။




အလားတူ မန္တလေးမြို့၊ ပုလဲငွေရောင်ရပ်နေ အလှူရှင် ဖခင်ကြီး ဦးကျော်ဟန်အား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်မျိုးတင့်၊ (သား)ကိုမျိုးမင်းဟန်၊ မအိခိုင်(မြေး) မအင်ကြင်းခင်ခင် မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့ ပုလဲငွေရောင်ရပ်နေ အလှူရှင် ဦးကျော်ဟန်းအား ရည်စူး၍ ဒေါ်ခင်မျိုးတင့် သားသမီးမြေးများ (ပုလဲဒေါ်ပြတင် မိသားစု)က ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့သစ် မြရည်နန္ဒာရပ်နေ လှူရှင်တော် ဘဲတော+ဒေါ်စုစုဝင်း မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးစံဝင်းမောင် + ဒေါက်တာဝင်းနီနီမြ၊ (သမီး)ခင်လပြည့်ဝင်း၊ ခင်ပြည့်စုံဝင်း မိသားတစ်စုက ပဒေသာပင် တစ်ပင် အသီးသီး လှူဒါန်းကြကြောင်း သိရသည်။

**(ဓာတ်ပုံ)(ကဆ)**

# ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ ထိန်းသိမ်းစောင့်ရှောက်သင့်သော သန္တာကျောက်တန်းလေးများ

သန္တာကျောက်တန်းဆိုသည်မှာ သန္တာကောင်လေးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ကျောက်ဆောင်၊ ကျောက်တန်းကဲ့သို့ သွင်ပြင်လက္ခဏာရှိနေသော ရေအောက်ဂေဟစနစ်တစ်ခုဖြစ်သည်။ သန္တာကျောက်တန်းများသည် ကယ်လ်စီယမ်ကာဗွန်နိတ်ဖြင့် ဖွဲ့စည်းထားသော သန္တာကောင်အသိုက်အုံများစွာ၏ ဖွဲ့စည်းဖြစ်တည်နေမှု ဖြစ်ပါသည်။ တစ်နည်းဆိုသော် သန္တာကျောက်တန်းဆိုသည်မှာ ကျောက်သားသန္တာမျိုး၏ အကောင်ငယ်လေးများ အုပ်စုလိုက် စုပုံကြခြင်းဖြင့် ဖွဲ့စည်းဖြစ်တည်နေခြင်း ဖြစ်ပါသည်။

သန္တာသည် ပင်လယ်အနီမိုနီနှင့် ပင်လယ်ရေခူများနှင့်အတူ မျိုးပေါင်းစု Cnidaria ထဲ၌ ပါဝင်သော မျိုးပေါင်း Anthozoa နှင့်သက်ဆိုင်သည့် သတ္တဝါတစ်မျိုးဖြစ်သည်။ သို့သော် ထူးခြားသည်မှာ သန္တာကောင်များသည် ပင်လယ်အနီမိုနီများနှင့်မတူဘဲ သန္တာကျောက်တန်းများကို ထောက်ပံ့ကာကွယ်ရန် မာကျောသော ကာဗွန်နိတ် ပြင်ပအခွံမာများ ထုတ်ပေးနိုင်စွမ်းရှိကြသည်။ သန္တာကျောက်တန်းအများစုသည် ပူနွေး၍ ရေတိမ်ကာ ကြည်လင်ပြီး နေရောင်တဖိတ်ဖိတ် ရောင်ပြန်ဟပ်နေသော ရေတွင်အကောင်းဆုံး ပေါက်ဖွား ရှင်သန်ကြပါသည်။

သုတေသီများ၏ အဆိုအရ ရှေးအကျဆုံး သန္တာကျောက်တန်းသည် ကမ္ဘာပေါ်တွင် ဒိုင်နိုဆောများ မပေါ်မီ လွန်ခဲ့သော နှစ်ပေါင်း ၄၈၅ သန်းခန့်မှ စတင်ပေါ်ပေါက်လာကြောင်း၊ ကန်ဘရီရံ (Cambrian) ၏ အဏုဇီဝပိုးမွှားများနှင့် ရေမြုပ်သန္တာကျောက်တန်းများ နေရာသို့ အစားထိုးဝင်ရောက်မှုဖြစ်ခဲ့သည့် Ordovician စတင်ချိန်ကာလမှ ရုပ်ကြွင်းများ၌ အစောဆုံးသက်တမ်းအနေဖြင့် တွေ့ရှိသည်ဟု ခန့်မှန်းထားကြကြောင်း လေ့လာမှတ်သားရပါသည်။ ၎င်းတို့သည် အချိန်ကာလရွေ့လျားမှု၊ ပတ်ဝန်းကျင်ပြောင်းလဲမှုတို့မှ တစ်ဆင့် ယနေ့တည်ရှိနေသော သန္တာကျောက်တန်းများအဖြစ်သို့ ရောက်ရှိလာခြင်း ဖြစ်ပေသည်။

သန္တာကျောက်တန်းများ၏ ကြီးထွားနှုန်းသည် တစ်နှစ်လျှင် သုည ဒသမ ၃ စင်တီမီတာ မှ ၂ စင်တီမီတာ ခန့်သာ ရှိသည်။ ထို့ကြောင့် သန္တာကောင်များ စတင်သန္ဓေတည်ချိန်မှစ၍ ဖွံ့ဖြိုးကြီးရင့်သော သန္တာကျောက်တန်းကြီးများ ဖြစ်ပေါ်လာချိန်ထိ နှစ်ပေါင်းထောင်သောင်းချီ၍ ကြာမြင့်ပါသည်။ သန္တာကျောက်တန်းများသည် သမုဒ္ဒရာကြမ်းပြင်၏ သုည ဒသမ ၁ ရာခိုင်နှုန်းအောက်သာ ဖုံးလွှမ်းထားသော်လည်း ၎င်းတို့သည် ကမ္ဘာပေါ်ရှိ ရေနေမျိုးစိတ်များ၏ လေးပုံတစ်ပုံ နေထိုင်ကြသည်။

**သန္တာကျောက်တန်းများကို ပျက်စီးစေသောအကြောင်း**

ရာသီဥတု ပူနွေးလာသည်နှင့်အမျှ မကြာခဏဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခြင်း၊ ရေနံတူးဖော်ခြင်း၊ ဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ သောင်တူးခြင်း၊ ရေကြောင်းပို့ဆောင်ခြင်းနှင့် ငါးဖမ်းခြင်း၊ စွန့်ပစ်ထားသော ငါးထောင်ချောက်များ၊ ပိုက်ကွန်များနှင့် အခြားအပျက်အစီးများသည် သန္တာကျောက်တန်းများကို ဆိုးရွားစွာ ပျက်စီးစေပါသည်။ ထို့ပြင် သမုဒ္ဒရာများသည် အမှိုက်သရိုက် ညစ်ညမ်းမှု၊ အချိန်စီးသော သက်ရှိများ၏ ညစ်ညမ်းမှု၊ အဆီညစ်ညမ်းမှု၊ အဆိပ်သင့်ပစ္စည်း ညစ်ညမ်းမှုတို့ကြောင့် ပင်လယ်နေသတ္တဝါများနှင့် သန္တာကျောက်တန်းများကို ထိခိုက်ပျက်စီးစေလျက်ရှိသည်။

**သန္တာကျောက်တန်းများ၏ အရေးပါမှု**

* သန္တာကျောက်တန်းများ ရှင်သန်ရန် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းခြင်းသည် အကြီးမားဆုံး ခြေလှမ်းဖြစ်သည်။ လေ့လာမှုများအရ သန္တာကျောက်တန်းများသည် အဏ္ဏဝါမျိုးစိတ်များ နေထိုင်ကျက်စားရာနေရာဖြစ်သည့်အပြင် လှိုင်းစွမ်းအင်ကို ၉၇ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်။ ထို့ပြင် ကမ်းရိုးတန်းဒေသခံများကို ဆူနာမီနှင့် မုန်တိုင်းများရန်မှလည်း ကာကွယ်ပေးနိုင်ပါသည်။

* ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းကြောင့် နေရာအနှံ့ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ကမ္ဘာ့သန္တာကျောက်တန်းများသည် မုန်တိုင်းဒဏ်ခံရန် နံရံများအဖြစ် လုပ်ဆောင်ကြပြီး ကမ်းရိုးတန်းတိုက်စားမှု ထပ်မံမဖြစ်ပေါ်စေရန်အတွက်ကိုလည်း ကာကွယ်ပေးထားပါသည်။



* ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သန်းပေါင်း ၈၅၀ ခန့်သည် ၎င်းတို့၏ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းအတွက် သန္တာကျောက်တန်းများကို မှီခိုနေရပြီး အသေးစား ငါးဖမ်းလုပ်ငန်း သန်း ၃၀ ခန့်ကို တိုက်ရိုက် ပံ့ပိုးပေးလျက်ရှိသည်။

* ပန်းနာရင်ကျပ်၊ အဆစ်အမြစ်ရောင်ရောဂါ၊ ကင်ဆာနှင့် အခြားရောဂါများစွာကို ကုသပေးသည့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုလည်း တိုးတက်ကောင်းမွန်စေပါသည်။

**မြန်မာ့သန္တာကျောက်တန်း အခြေအနေ**

မြန်မာနိုင်ငံသည် ရှည်လျားသော ကမ်းရိုးတန်းဒေသနှင့် ကျယ်ပြန့်သောပင်လယ်ရေပြင်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်၍ လှပသော သန္တာကျောက်တန်းများစွာ တည်ရှိနေပါသည်။ အထူးသဖြင့် တနင်္သာရီကမ်းရိုးတန်းတွင် သန္တာကျောက်တန်းများ အများဆုံးတည်ရှိနေကြပြီး ရခိုင်ကမ်းရိုးတန်းတွင် ဒုတိယအများဆုံး တွေ့နိုင်ပါသည်။ သုတေသနရလဒ်များအရ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက်တွင် သန္တာကျောက်တန်း မျိုးစိတ်ပေါင်း ၅၀၀ ကျော်ရှိကြောင်း ဝမ်းမြောက်ဖွယ်သိရသည်။

သို့ရာတွင် သန္တာကျောက်တန်း အများစုသည် တဖြည်းဖြည်း ယိုယွင်းပျက်စီးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN) နှင့် မြန်မာနိုင်ငံမှ အဏ္ဏဝါသိပ္ပံပညာရှင်များ၏ လေ့လာတိုင်းတာချက်များအရ ၂၀၁၅ ခုနှစ်တွင် သန္တာကျောက်တန်းများ၏ ပျက်စီးမှုမှာ ၅၈ ရာခိုင်နှုန်းရှိကြောင်း၊ အဓိကအချက်မှာ လူ့ပယောဂကြောင့်ဖြစ်ပြီး အခြားအကြောင်းအရာများမှာ ပြင်းထန်သည့်ရာသီဥတု ဖြစ်စဉ်နှင့် အလွန်အကျွံ ငါးဖမ်းဆီးမှုတို့ကြောင့် ဖြစ်သည်။

ထို့ပြင် ငွေဆောင်ကမ်းခြေတွင်လည်း သန္တာကျောက်တန်းများကို ခွာယူရောင်းချသူများ ရှိနေသည့်အတွက် သန္တာကျောက်တန်း ပြုန်းတီးမှုအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း Ngwe Saung Princes Boat Trip လုပ်ငန်းက ဆိုပါသည်။ အဆိုပါ အခြေအနေကို ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ၊ အနယ်နယ်အရပ်ရပ်မှ ငွေဆောင်ကမ်းခြေသို့ လာရောက်လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများ၊ ဒေသခံငါးဖမ်းလုပ်ငန်းများ၊ Speed Boat လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများကို အသိပေးထားကြောင်း သိရပါသည်။

သန္တာကျောက်တန်းများသည် မိမိတို့နိုင်ငံ၏တန်ဖိုးရှိသော သယံဇာတဖြစ်သည့်အတွက် ကိုယ်ပိုင်အသိဖြင့် အားလုံးထိန်းသိမ်းပေးစေလိုပြီး ခရီးသွားဧည့်သည်များအနေဖြင့် သန္တာကျောက်ပွင့်၊ ကျောက်ပန်းခက်များကို မဝယ်ယူခြင်း၊ မသယ်ဆောင်ခြင်းတို့ဖြင့် ဝိုင်းဝန်းကူညီ ပေးစေလိုကြောင်းကိုလည်း Ngwe Saung Princes Boat Trip လုပ်ငန်းက မေတ္တာရပ်ခံထားသည်။

**ထိန်းသိမ်းစောင့်ရှောက်သင့်သော သန္တာကျောက်တန်းလေးများ**

ကမ္ဘာကြီးတွင် နှစ်ပေါင်း ၄၀ အတွင်း သန္တာကျောက်တန်း ၅၀ ရာခိုင်နှုန်း ဆုံးရှုံးလာကြောင်း The Living Planet Report 2022 ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုအခါ ကမ္ဘာ့ရေပြင် အသီးသီးရှိ သန္တာကျောက်တန်းများသည် သဘာဝဘေးအန္တရာယ်နှင့် လူသားများ၏ ပယောဂတို့ကြောင့် တဖြည်းဖြည်း လျော့ပါးပျက်စီးလျက်ရှိသည်။ ကုလသမဂ္ဂ၏ထုတ်ပြန်ချက်အရ ယနေ့ကာလတွင် ကမ္ဘာ့သန္တာကျောက်တန်းများ၏ ၇၀ ရာခိုင်နှုန်း ခြိမ်းခြောက်ခံနေရပြီး ၂၀ ရာခိုင်နှုန်းသည် ပြန်လည်ကောင်းမွန်လာမည့် မျှော်လင့်ချက် ကင်းမဲ့နေကြောင်းနှင့် ၂၄ ရာခိုင်နှုန်းသည် ပြိုကျလုနီး ဖြစ်နိုင်ခြေရှိပြီး နောက်ထပ် ၂၆ ရာခိုင်နှုန်းမှာ အန္တရာယ်ရှိနေကြောင်း သတိပေးထားသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း လူသားတို့အတွက် ရောဂါကုသမှုနှင့် ကျန်းမာရေးအထောက်အကူပြုမှုတို့အတွက် သန္တာထုတ်ယူမှုများကို ပိုမို အသုံးပြုလာခြင်းကြောင့် သဘာဝဂေဟစနစ်ကို အထောက်အပံ့ပေးနေသော သန္တာကျောက်တန်းများ တစ်စတစ်စ တိမ်းပါးလျက်ရှိနေပါသည်။

သတိပြုသင့်သည့် အချက်မှာ ပင်လယ်ငါးဖမ်းလုပ်ငန်းသည် သန္တာကျောက်တန်း ဂေဟစနစ်ဖြစ်သော သန္တာကျောက်တန်း၊ ဒီရေတောနှင့် ပင်လယ်မြက်တို့ တည်ရှိနေမှုအပေါ် များစွာမူတည်နေပါသည်။ အဆိုပါဂေဟစနစ်ပျက်စီးခြင်းသည် ရေလုပ်ငန်း စီးပွားရေးတစ်ခုလုံးကို ထိခိုက်စေမည့်အပြင် ခရီးသွားလုပ်ငန်း၊ အပန်းဖြေလုပ်ငန်းများ အပါအဝင် အခြားသောကဏ္ဍအသီးသီးကိုလည်း ရိုက်ခတ်စေနိုင်သည်။ ထို့ကြောင့် ကမ္ဘာကြီး၏ သဘာဝလက်ဆောင်ဖြစ်သော သန္တာကျောက်တန်း ဂေဟစနစ်ကို အားလုံးက မလွဲမသွေ ထိန်းသိမ်းကြရမည် ဖြစ်ပေသည်။

**ထိုင်းနိုင်ငံနှင့် သန္တာကျောက်တန်းထိန်းသိမ်းမှု ပုံစံသစ်**

ထိုင်းနိုင်ငံရှိ သန္တာကျောက်တန်းများ၏ အရည်အသွေးကျဆင်းမှုသည် သမုဒ္ဒရာ၏ ဂေဟနစ်အပေါ် အကြီးအကျယ်ထိခိုက်စေမှုမရှိနိုင်သော်လည်း ထိုကျောက်တန်းများသည် ငါးလုပ်ငန်းအတွက် မှီခိုမှုတစ်ခုဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်းအတွက်လည်း ဝင်ငွေကျဆင်းစေသည့် အကြောင်းရင်းတစ်ရပ် ဖြစ်သည်။

ယခုအခါ ထိုင်းသိပ္ပံပညာရှင်များသည် ပျက်စီးယိုယွင်းနေသော သန္တာကျောက်တန်းများကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် သန္တာကောင်များကို ဓာတ်ခွဲခန်းများတွင် မွေးမြူလျက်ရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံ၏ အဓိကစီးပွားရေးတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်းကဲ့သို့သော လူသားများ၏ဆောင်ရွက်မှုနှင့် သမုဒ္ဒရာများ ပူနွေးလာမှုတို့ကြောင့် သန္တာကျောက်တန်းများမှာ အရည်အသွေး နိမ့်ကျပျက်စီးလာခြင်း ဖြစ်သည်။

ထို့ကြောင့် သိပ္ပံပညာရှင်များက သန္တာကောင်များကို ဓာတ်ခွဲခန်းများတွင် မွေးမြူကာ ပင်လယ်ကြမ်းပြင်သို့ ပြန်လည်ဖြန့်ကြက်ချထားရန် ကြိုးပမ်းလာခြင်း ဖြစ်သည်။ သို့သော် ပညာရှင်များ၏ ဆောင်ရွက်ရမည့် အလုပ်မှာ အပင်ပန်းခံကာ အချိန်ယူလုပ်ဆောင်ရမည့်အလုပ် ဖြစ်သည်။ အကြောင်းမှာမူ သန္တာကောင်များသည် တစ်နှစ်လျှင် တစ်ကြိမ်သာဥဥလေ့ရှိသည့်အပြင် သန္တာကောင်ပေါက်လေးများကို မွေးမြူရန် အချိန်အားဖြင့် ငါးနှစ်ခန့်ပေးရမည် ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ သန္တာကျောက်တန်းများသည် ကျွန်းများကို မုန်တိုင်းဒဏ်၊ ရေစီးကြောင်းဒဏ်၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုဒဏ်များမှ ကာကွယ်ပေးထားပြီး အချို့သော ပင်လယ်ရေသတ္တဝါများအတွက် သားပေါက်ရာနေရာ၊ သားပေါက်ငယ်လေးများ ခိုအောင်းရာနေရာအဖြစ်လည်း အထောက်အကူပြုပေးနိုင်ပါသည်။

ကမ္ဘာကြီးပူနွေးလာမှုဆိုင်ရာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့၏ ခြိမ်းခြောက်မှုကြောင့် သန္တာကျောက်တန်းများ ပျက်စီးခြင်းကို အလုံးစုံကာကွယ်နိုင်ခြင်း အလို့ငှာ မစွမ်းသာပါသော်လည်း သန္တာကျောက်တန်းများ ခွာယူရောင်းချနေခြင်း အပါအဝင် မြစ်ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာ တို့ကို ညစ်ညမ်းစေမည့် ပလတ်စတစ်စွန့်ပစ်အမှိုက်သရိုက်များကဲ့သို့ လူ့ပယောဂအမျိုးမျိုးတို့ကြောင့် သန္တာကျောက်တန်းများကို မဖျက်ဆီးမဆုံးရှုံးစေလိုပါ။ သို့ပါ၍ အနာဂတ်မျိုးဆက်သစ်များအတွက် အကောင်းမွန်ဆုံး သဘာဝလက်ဆောင်များကို ချန်ထားခဲ့ရန်မှာ လက်ရှိ လူသားများ၏ တာဝန်သာဖြစ်ပါကြောင်း ရေးသားအကြံပြုလိုက်ရပါသည်။

**စေတနာများစွာ**

တင်ထက်ထက်ဇော်



## အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျွန်းလှ နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် အားကစားနှင့်ကာယပညာကော် မတီဉက္ကဋ္ဌဖလားအမျိုးသားဖူဆယ် ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆု ချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရွှေကျွန်းမြေ မိုးလုံလေ လုံအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် အထက ကျွန်းလှနှင့် အထက သစ်ရာမြိုင် (ခ) အသင်းတို့ယှဉ်ပြိုင်ကစား ကြရာ အထက ကျွန်းလှအသင်း က ၆ ဂိုး ၄ ဂိုးဖြင့် အနိုင်ရရှိ သည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဉက္ကဋ္ဌ ဦးမျိုး တင့်ထူးနှင့် အဖွဲ့ဝင်များ၊ တာဝန် ရှိသူများက ပထမဆုရအသင်း အား တံခွန်စိုက်ဆု၊ ငွေသားဆု၊ တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆု ရအသင်းအား ငွေသားဆု၊ တစ်ဦး ချင်း ဆုတံဆိပ်နှင့် အကောင်းဆုံး အားကစားသမားဆု၊ ဂိုးအကောင်း ဆုံးဆုတို့ကို ချီးမြှင့်ပေးခဲ့သည်။

အဆိုပါ ဖူဆယ်ဘောလုံး ပြိုင်ပွဲကို ပြိုင်ပွဲဝင်(၈)သင်း အား ကစားသမား ၈၀ ဦးဖြင့် နိုဝင် ဘာ ၄ ရက်မှ ၇ရက်ထိ ကျင်းပ ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

၀-၀-၀-၀-၀-၀-၀

## မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲ ကျင်းပ

**ဆီဆိုင် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ ကျေးလက်နေ ပြည်သူများ မိသားစုဝင်ငွေတိုး ရေး စီမံကိန်းနှင့် ဘေးဒဏ်သင့် ပြည်သူများအတွက် စီးပွားရေး လုပ်ငန်းများ ပြန်လည်ထူထောင် နိုင်စေရေးရည်ရွယ်၍ မော်တော် ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ဘုရားဖြူကျေး ရွာရှိခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသအသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနဒေသ ဦးစီးမှူး ဦးဝင်းကျော်မျိုးက သင် တန်းဆင်းအမှာစကားပြောကြား သည်။ ထို့နောက် သင်တန်းတွင် ထူးချွန်သင်တန်းသားငါးဦးအား လုပ်ငန်းသုံးပစ္စည်းများကိုလည်း ကောင်း၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း တာဝန်ရှိသူတို့က အသီးသီးပေးအပ်ခဲ့ပြီး အမှတ် တရ စုပေါင်းဓာတ်ပုံရိုက်ကူး ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀



## ကိုယ်ပိုင်ကျောင်းပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကိုယ်ပိုင်ကျောင်းများ ပူးပေါင်း ကျင်းပသော ကိုယ်ပိုင်ကျောင်း ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီ က ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ လူထု အခြေပြုဗဟိုဌာန(Community Centre)ရုံးဝင်းအတွင်းရှိ ပိုက် ကျော်ခြင်းကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပိုက်ကျော်ခြင်း ဆပ်ကော်မတီဉက္ကဋ္ဌ ဦးဝင်းမြင့် က အဖွင့်အမှာစကားပြောကြား ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကွင်း ဖွင့်ပွဲအနေဖြင့် ပွဲစဉ်ဇယား အလိုက် ပြိုင်ပွဲဝင်အသင်းများက အသီးသီးယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဆက်လက်ပြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအသင်း နှစ်သင်းစီဖြင့် စုစုပေါင်းပြိုင်ပွဲဝင် အသင်း ၁၀ သင်းတို့က ပါဝင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ် သည်။

အဆိုပါ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ နှစ်ရက် ကျင်းပသွားမည်ဖြစ်ပြီး ပိုက် ကျော်ခြင်းဆုချီးမြှင့်ပွဲကို နိုဝင် ဘာ ၁၁ ရက်တွင် ပြင်ဦးလွင်မြို့ နယ်၊ ခရိုင်အားကစားကွင်း၌ ကျင်းပ သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦး၏ ပြောပြချက်အရ သိရ သည်။

(အောက်ပုံ)

သွေးသွေး(ခရိုင်/ပြန်ဆက်)

၀-၀-၀-၀-၀-၀-၀





## မိုးနှောင်းချည်မျှင်ရှည်ဝါ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ နယ်အတွင်းရှိ ကံဆွယ်ကျေးရွာ အုပ်စု၊ တောင်းတောကုန်းကျေး ရွာ၌ စိုက်ပျိုးရေးတောင်သူများ သည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြရာ ယခုအချိန်တွင် အထွက်နှုန်းကောင်း၊ ဈေး ကောင်းရရှိသည့် မိုးနှောင်းချည် မျှင်ရှည်ဝါ သီးနှံစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးသည့် ကွင်းအမှတ် ၅၄၉ (ခ)ကွင်းတွင် အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း ဝါစိုက် တောင်သူ ဦးအောင်ဆန်းဦးထံက သိရသည်။


မြစ်သားမြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံ များ ပိုးရောဂါကြိုတင်ကာကွယ် နိုင်ရေးအတွက် ကင်းထောက်မှတ် တမ်းများယူခြင်း ကုန်ကျစရိတ် သက်သာပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေးသီးနှံအရည် အသွေးကောင်းမွန်ရေးအတွက် သဘာဝပိုးသတ်ဆေး၊ ပိုးနှင်ဆေး များပြုလုပ်သုံးစွဲသဖြင့် ဓာတုဆေး များ လျှော့ချသုံးစွဲလျက်ရှိသည်။

တောင်းတောကုန်းကျေးရွာ တွင် ချည်မျှင်ရှည်ဝါ(B 31)မျိုး များ အဓိကစိုက်ပျိုးလျက်ရှိရာ ယခုနှစ် ဝါစိုက်ဧက ၄၅၃ ဧက ရှိပြီး လက်ရှိအချိန်အပင်များတွင် ပိုးမွှားရောဂါကျရောက်မှုမရှိစေဘဲ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ခင်း များ အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝင်းမင်းထွန်း(မြစ်သား)

## ဘားအံမြို့နယ် ကော့ခေကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**ဘားအံ နိုဝင်ဘာ ၉**

ကရင်ပြည်နယ်၊ ဘားအံ ခရိုင်၊ ဘားအံမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က လွန်းညကျေးရွာအုပ်စု၊ ကော့ ခေကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကို နိုဝင်ဘာ ၇ရက် နံနက်ပိုင်း က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ရာတွင် ဘားအံခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင် နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုး ရေးကော်မတီဝင်များနှင့်အတူ ကော့ခေကျေးရွာ၌ ဂဝံလမ်းခင်း ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ် ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင် ရွက်ပြီး လုပ်ငန်းအား ရေရှည် တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားသည်။

ကော့ခေကျေးရွာ၌ အရှည် ပေ ၃၀၀၀၊ အကျယ် ၁၂ပေ၊ အမြင့်ကိုးလက်မရှိ ဂဝံလမ်းခင်း ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေး ရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀၊ စုစုပေါင်းငွေကျပ်သိန်း၁၈၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်း များ၏ နည်းပညာပံ့ပိုးမှု၊ အနီး ကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူ လူထုကိုယ်တိုင် စက်တင်ဘာ ၂၄ ရက်က စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)(ဆက်လှ)

# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် အခြေခံစံနှုန်းနှင့် အညွှန်းကိန်းများအား ဒုတိယအကြိမ် အကဲဖြတ်စစ်ဆေး



**ကျောက်ပန်းတောင်း နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် လေးရွာအခြေခံပညာအထက်တန်းကျောင်းအား သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် အခြေခံစံနှုန်းနှင့် အညွှန်းကိန်းများ ဒုတိယအကြိမ် အကဲဖြတ်စစ်ဆေးခြင်းကို ခရိုင်အဆင့် အကဲဖြတ်စစ်ဆေးရေးအဖွဲ့က နိုဝင်ဘာ ၅ ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေး အကဲဖြတ်အဖွဲ့တွင် ညောင်ဦးခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဌေး ဦးဆောင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊သစ်တောဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၂၅ ခုနှစ် ဇွန် ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး (Green and Clean) ပြိုင်ပွဲအတွက် ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်က လေးရွာအခြေခံပညာအထက်တန်းကျောင်းအား သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် အခြေခံစံနှုန်းနှင့်အညွှန်းကိန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များက စာသင်ဆောင်များအတွင်း ခင်းကျင်းပြင်ဆင်ထားရှိမှု၊ သန့်ရှင်းသပ်ရပ်မှု၊ ရေသန့်စင်စနစ်ဆောင်ရွက်ထားရှိမှု၊အမှိုက်သိမ်းစနစ်များ ဆောင်ရွက်ထားရှိမှု၊ ပရဆေးပင်စိုက်ခင်းနှင့် စားသုံးသီးပင်စိုက်ခင်းများ ဆောင်ရွက်ထားရှိမှု၊ ကျွန်းစိုက်ခင်းပြုပြင်ထားရှိမှုနှင့် ကျောင်းဈေးဆိုင်ခန်းများတွင် ကျန်းမာရေးနှင့်အညီ ရောင်းချနေမှုနှင့် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ ခင်းကျင်းပြင်ဆင်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ဆရာမကြီးက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၅၆)**

# ဆီထွက်သီးနှံ ဧက ၇၀၀၀၀ ကျော် စိုက်ပျိုး ပြီးစီး

**မင်းဘူး နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်ရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများသည် လယ်ယာလုပ်ငန်းများ အဓိကထား လုပ်ကိုင်လျက်ရှိရာ ဆီထွက်သီးနှံများဖြစ်သော မြေပဲနှင့် နှမ်းများကို ၇၂၆၂၃ ဧက စိုက်ပျိုးပြီးစီးကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မင်းဘူး(စကု)မြို့နယ်ရှိ လယ်ယာလုပ်ငန်းများတွင် ဆီထွက်သီးနှံများဖြစ်သော နှမ်းနှင့် မြေပဲတို့ကို အဓိကထားစိုက်ပျိုးကြပြီး သီးနှံထွက်ရှိမှု တိုးတက်မြင့်မားစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံစေရေး၊ တောင်သူများ တစ်ဧကအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ စိစစ်ရွေးချယ်၍ စိုက်ပျိုးနိုင်စေရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်စေရေးတို့အတွက် နှစ်စဉ်စိုက်ပျိုးစေပြီး သီးနှံများကို အတန်းလိုက် စိုက်ပျိုးစေကာ အပွင့်မပွင့်မီနှင့် အသီးအကင်းများ လိုက်ချိန်တွင် ပိုးသတ်ဆေးနှင့် အားဆေးများ ပက်ဖျန်းရသည်။ကုန်ကျစရိတ်သက်သာပြီး နှစ်စဉ် စိုက်ပျိုးနိုင်သည့်လုပ်ငန်းလည်းဖြစ်၍ ပိုမိုအားထားစိုက်ပျိုးလာကြသည်။ ယခင်နှစ်များက မိုးရွာသွန်းမှုများသဖြင့် အပင်များ ရေဝပ်ကာ အောင်မြင်မှုနည်းပြီး အထွက်နှုန်းလည်း ကျဆင်းလျက်ရှိသည်။

**(အောက်ဝဲပုံ)**

မင်းဘူး(စကု)မြို့နယ်တွင် ယခုနှစ် မိုးမြေပဲကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလတွင် ခူးဆွတ်ရိတ်သိမ်းကြသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးနည်းပညာများကို ကူညီဆောင်ရွက်ပေးသဖြင့် အပင်များအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(၅၀၄)**





# တိရစ္ဆာန်ကျန်းမာရေးလုပ်သား ကာလတိုသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**ဟုမ္မလင်း နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဟုမ္မလင်းခရိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက သင်တန်းအဖွင့် အမှာစကားပြောကြားခဲ့ပြီး ဟုမ္မလင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါက်တာခင်စန္ဒာဝင်းက တိရစ္ဆာန်ကျန်းမာရေးလုပ်သားကာလတိုသင်တန်းကို တိရစ္ဆာန်ကျန်းမာရေးတွင် ပါဝင်လျက်ရှိသော ပြည်သူတိုင်း၊ ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်ဆက်စပ်ပြီး တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ၏လုပ်ငန်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်ငန်းတိုးတက်စေရန်၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၌ စီးပွားရေးစွမ်းရည်နှင့် လူမှုစီးပွားမြင့်မားစေရန်၊ တိရစ္ဆာန်သဘာဝသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ကျန်းမာရေးကာကွယ်ပေးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ တိရစ္ဆာန်ကျန်းမာရေးလုပ်သား ကာလတိုသင်တန်းသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်၍ သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။


**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ယခုနှစ် မိုးစပါး မျိုးစေ့ထုတ်စံပြကွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ကျွန်းလှမြို့နယ်တွင် မိုးစပါး စံပြကွက်များ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မျိုးစေ့ထုတ်စံပြကွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



"ကျွန်တော် ဒီနှစ် မိုးစပါးမျိုးစေ့ထုတ်ကွက်အဖြစ် ဧရာမင်းစပါးမျိုး သုံးဧကကို သိပ္ပံနည်းကျ စိုက်နည်းစနစ်လိုက်နာပြီး ကြိုးတန်း ခြောက်တန်း တစ်တန်းလုပ်စိုက်ပျိုးခဲ့ပါတယ်။စိုက်ပျိုးရာမှာ မြို့နယ်စိုက်ပျိုးရေးပညာရှင်များက စိုက်နည်းစနစ်ပံ့ပိုးကူညီပေးပါတယ်။ အခုအခါ စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ထွက်ရှိတဲ့ စပါးမျိုးများကို ဒေသတွင်းတောင်သူများအား ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်"ဟု မန်ကျည်းအင်းကျေးရွာ တောင်သူ ဦးစောထွေးက ပြောသည်။

အဆိုပါ မိုးစပါးမျိုးစေ့ထုတ်ကွက် စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့် ကိုက်ညီသော စပါးမျိုးများရရှိရေး ဆောင်ရွက်ပေးခြင်း၊နည်းပညာပေးသင်တန်းများဖွင့်လှစ်ခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးကွင်းဆင်းပညာပေးခြင်း၊ ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်းနှင့် ယူရီးယားဓါတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၈ ဧကစိုက်ပျိုးပြီး မျိုးစေ့ထုတ်စံပြကွက် ဧက ၁၃၀၊ ယန်းတိုင်အထွက်စံပြကွက် ဧက ၃၀၀၊ ပျိုးသက်နုကောက်ကွက်ကြဲစံပြကွက် ၁၀ ဧက စိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**(၄၈၀)**

၀-၀-၀-၀-၀-၀-၀

# ဆီထွက်သီးနှံများဖြစ်သော ဆောင်းမြေပဲနှင့်နေကြာ စံပြစိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်လျက်ရှိ

**အမရပူရ နိုဝင်ဘာ ၉**

ပြည်ပမှ စားအုန်းဆီ တင်သွင်းမှု လျှော့ချနိုင်စေရန်နှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရန်၊ သီးနှံစိုက်ဧရိယာ တိုးတက်လာစေရန်နှင့် တောင်သူဝင်ငွေတိုးတက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် အမရပူမြို့နယ်တွင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာကို ဆောက်တောဝကျေးရွာနှင့် ဘနော်ကျေးရွာ၊ မြေပဲသီးနှံကို ဘုန်းအိုးကျေးရွာတို့တွင် ယခုလမှစ၍ စံပြစိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

(၂၀၂၄-၂၀၂၅)ခုနှစ်၊ ဆောင်းမြေပဲ ပန်းတိုင်အထွက်နှုန်းရရှိရေး ဦးတည်ချက်ဖြင့် အမရပူရမြို့နယ်၏ ကိုင်းကျွန်းမြေများဖြစ်သည့် ကျေးရွာ (၆) ရွာကို ဆောင်းမြေပဲအထူးဇုန်ဧရိယာ အဖြစ်သတ်မှတ်၍ ဇုန်အတွင်း (၆၅၀)ဧက၊ ဇုန်ပြင်ပ (၆၈)ဧက၊ စုစုပေါင်း (၇၁၈)ဧက လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့အထိ ဧက(၁၀၀)ကျော်ခန့် စိုက်ပျိုးထားရှိပြီး ဖြစ်သည်။

အလားအလာကောင်းသော ဆီထွက်သီးနှံတစ်ခုဖြစ်သည့် နေကြာကို သီးသန့်နှင့် ကုလားပဲ၊ စွန်တာနီ၊ စွန်တာပြာတို့ဖြင့် သီးညှပ်အဖြစ်လည်းကောင်း ယခုနှစ်တွင် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။



ဆီထွက်သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးကို စီမံကိန်းလုပ်ငန်းတစ်ရပ်အနေဖြင့် အခြားဆက်စပ်ဌာနတွေနဲ့ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ဌာနရဲ့အဓိကလုပ်ငန်းတွေဖြစ်တဲ့ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်နဲ့ အပင်ပြုစုစောင့်ရှောက်နည်းစနစ်တွေကို စနစ်တကျဖြစ်စေဖို့ အသိပညာပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးခြင်းနှင့် စမ်းသပ်ကွက်များ၊ စံပြကွက်များ ဆောင်ရွက်ခြင်း၊ ကွင်းသရုပ်ပြပွဲများ၊ တောင်သူပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ကွင်းတာဝန်ခံဝန်ထမ်းများက ရာသီအလိုက် သီးနှံအလိုက် စဉ်ဆက်မပြတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း မြို့နယ်ဦးစီးဌာနမှူး၊ ဒေါက်တာမိုးဆွေရည်ထံမှ သိရသည်။

**(ဝဲပုံ) စိုးသီဟ(အမရ)**



# မြန်မာနိုင်ငံဆရာဝန်အသင်းသက်ကြီး ဆရာဝန်ကြီးများ အထောက်အကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့

**မန္တလေး နိုဝင်ဘာ ၉**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) သက်ကြီးဆရာဝန်ကြီးများ အထောက်အကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက မင်္ဂလာဆေးရုံတွင် ဆေးကုသမှုခံယူနေသော အထွေထွေရောဂါကု ဆရာဝန်ကြီးဒေါက်တာ မောင်မောင်သန်းအား မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်ကြီးများ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မင်း၊ အတွင်းရေးမှူးဒေါက်တာအောင်မင်းတို့က ငွေကျပ်တစ်သိန်း မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) လူမှုရေးအဖွဲ့မှ ငွေကျပ်တစ်သိန်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့မှ ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ်သုံးသိန်း ပေးအပ်၍ ကျန်းမာရေး မေးမြန်းအားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၄၅)**

# (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ ဝန်ထမ်းများအား ကံစမ်းမဲများ မဲဖောက်ပေး

**မန္တလေး နိုဝင်ဘာ ၉**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးဟောင်းခန်းမတွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေဇင်ထွန်းက အမှာစကားပြောကြားပြီး အရာထမ်း၊အမှုထမ်းဝန်ထမ်းများအား ကံစမ်းမဲများ မဲနှိုက်ဖောက်ပေးကြသည်။

အဆိုပါ အခမ်းအနားတွင် အရာထမ်း၊အမှုထမ်း ဝန်ထမ်း (၂၉၂)ဦးတို့အား ငွေကျပ်သိန်းသုံးရာ့နှစ်ဆယ်ကျော်တန်ဖိုးရှိ ပစ္စည်းများကို တပျော်တပါးမဲနှိုက်ပေးကြကြောင်း သိရသည်။

**(အောက်ပုံ) (၀၉၃)**



# အရည်အသွေးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အသိပညာပေး ဆွေးနွေး

**ပွင့်ဖြူ နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)က ဒေသခံတောင်သူများ သီးနှံများ စိုက်ပျိုးရာတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းနိုင်ရေး၊ အရည်အသွေးမြင့်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပသည့် တောင်သူအသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်၊ မွန်းလွဲ ၂ နာရီက ပွင့်ဖြူမြို့နယ် ရောက်တောကျေးရွာမွှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း (FFA) ဥက္ကဋ္ဌ ဦးမြင့်အောင်က ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးမြင့်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးလုပ်ငန်းအတွက်လိုအပ်သော သွင်းအားစုပစ္စည်းများ သုံးစွဲနိုင်ရန် တောင်သူများစုပေါင်းပြီး ဝယ်ယူရရှိနိုင်မည့် အခွင့်အလမ်းများ၊ လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူအကျိုးဆောင်အသင်းမှ ဆောင်ရွက်နေသောလုပ်ငန်းများနှင့် အသင်းဝင်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်းတွင် တွေ့ကြုံရသော လုပ်ငန်းအခက်အခဲများ၊ အရည်အသွေးမြင့်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ရမည့် နည်းလမ်းများ၊မြေဆီလွှာဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

အဆိုပါ တောင်သူပညာပေးဆွေးနွေးပွဲသို့ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင် အသင်း (FFA)ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ရောက်တောကျေးရွာ၊ ဥယျာဉ်ကျစ်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ တောင်သူအကျိုးဆောင်အဖွဲ့ဝင် (၆၀)ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ (၄၄၅)



# ဆောင်းသီးနှံ စိုက်ပျိုးရာသီချိန် ပဲတီစိမ်းနှင့် ပဲမျိုးစုံ ဧက (၁၃၇၇၈) စိုက်ပျိုးနိုင်

**စစ်ကိုင်း နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီချိန် ပဲတီစိမ်းနှင့် ပဲမျိုးစုံဧက(၁၃၇၇၈) စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ယမန်နှစ် (၂၀၂၃-၂၀၂၄)မှာ ပဲမျိုးစုံဧက (၄၉၄၀၀)ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်(၂၀၂၄-၂၀၂၅) ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်မှာ စစ်ကိုင်းမြို့နယ်အတွင်း ပဲမျိုးစုံ(၅၂၇၆၂)ဧက လျာထားခဲ့ရာ (၁၃၇၇၈)ဧက စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ လျာထားချက်ရဲ့ ၂၅ ဒသမ ၉၄ ရာခိုင်နှုန်း စိုက်ပျိုးထားပြီး လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူများ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးနိုင်အောင် ပဲသီးနှံများ အထွက်တိုးအောင် မျိုးကောင်းမျိုးသန့်တွေကိုလည်း ထောက်ပံ့ပေးလျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ ရာသီချိန်အမီ သီးနှံမျိုးစုံ မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ သဘာဝမြေဩဇာများ စနစ်တကျအသုံးပြုနိုင်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရေး၊ ရိတ်သိမ်းချိန်အလွန် အလေအလွင့်မရှိစေရေးအတွက် တိုက်နယ်အလိုက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပေးလျက်ရှိပြီး တောင်သူများအား ကျွမ်းကျင်ဝန်ထမ်းများဖြင့် သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ နည်းပညာများ ဖြန့်ဝေပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန်...

❖ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## (၁၅)ကြိမ်မြောက်ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာကစားသမား ရဲထွန်းနောင် ပထမရွှေတံဆိပ်ဆု ဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၉

မော်လ်ဒိုက်နိုင်ငံ Addu City ၌ နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိကျင်းပလျက်ရှိသည့် (၁၅) ကြိမ်မြောက်ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ (15 th World Bodybuilding Physique Sports Championships )ကို ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ ကာယဗလအားကစားသမား ရဲထွန်းနောင်က ၇၅ ကီလိုတန်းပြိုင်ပွဲ၌ ပထမရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၄ သို့




ချန်ပီယံ အား/ကာသိပ္ပံ အမျိုးသမီးအသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား / ကာသိပ္ပံအသင်း သုံးကြိမ်မြောက် ဗိုလ်စွဲ

ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ကို နိုဝင်ဘာ ၉ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။

ယခုရာသီတွင် ချန်ပီယံဖြစ်ခဲ့သည့် အား/ကာသိပ္ပံအသင်းနှင့် ဒုတိယရခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ရာသီပိတ် နောက်ဆုံးပွဲတွင် ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ဂိုးမရှိသရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ပထမဆုံးအကြိမ် သုံးကျော့စနစ်ဖြင့် ကျင်းပသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် စာမျက်နှာ ၄ သို့

## မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲကစားမည်

ရန်ကုန် နိုဝင်ဘာ ၉

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံသို့ကြိုတင်သွားရောက်ကာ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ပထမဆုံးကျင်းပမည့် အာဆီယံအမျိုးသမီးဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာပွဲ အတွေ့အကြုံရစေရန် ထိုင်းကလပ်အသင်းတစ်သင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် နိုဝင်ဘာ ၁၁ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် အာဆီယံဖူဆယ်ပြိုင်ပွဲ ကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

စာမျက်နှာ ၁၀ သို့



မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

## မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၉ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်ပါသည်။

မိုး/ဧလ